ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 23 April 2021 ၁၀၃၅၂

# တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၅/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

## ❖ ကုန်ထုတ်လုပ်သူများနှင့် တောင်သူများအနေဖြင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ ကုန်ဈေးနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်လာမည်ဖြစ်

**ကြေးမုံ ယနေ့ ဖတ်စရာ**


စိုက်ပျိုးရေးသွင်းအားစုများ အရည်အသွေးပြည့်မီ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ တင်သွင်းဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၅

မြန်မာနှစ်ဆန်း ဘေးမသန်း အေးချမ်းသာယာရှိပါစေ (၁)

စာမျက်နှာ » ၆




ကြေးမုံ

# အနာဂတ်ကိုမျှော်တွေး အေးချမ်းစွာပညာသင်ကြား

အားတကာအားတွင် ပညာအားသည် အကြီးဆုံးဖြစ်သည်။ အရင်းအနှီးတကာ အရင်းအနှီးတွင် ပညာသည်အကြီးဆုံးဖြစ်သည်။ ပညာအခြေခံ စဉ်းစားဆင်ခြင်ဉာဏ်သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေးရှုသည်။ လူငယ်တို့၏အနာဂတ်သည် ပညာဖြစ်သည်။ လူငယ်တို့၏ဘဝသည် ပညာဖြစ်သည်။ ပညာသည် စဉ်ဆက်မပြတ် ဆည်းပူးနေရမည့် အရာဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးအကြီးဆုံးဖြစ်သည်။

ယမန်နှစ် ၂၀၂၀ ပြည့်နှစ်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကျောင်းသင်ပညာရေးစာသင်နှစ်တစ်နှစ် ဆုံးရှုံးခဲ့သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအတွက် နစ်နာဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ရသည်။ ၂၀၂၁ ခုနှစ်အတွက် ပညာသင်နှစ် မစတင်ရသေးပေ။ များမကြာသေးမီကာလများအတွင်းက ဆူပူဆန္ဒပြမှု၊ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ ထိုဖြစ်ရပ်များကြောင့် လာမည့်စာသင်နှစ်ကို မထိခိုက်စေလိုပေ။ ကလေးသူငယ်လူငယ်များ၏ ဘဝအရေးဖြစ်သည်။ ၎င်းတို့အရေးအတွက် အခက်အခဲများကြား ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဆရာ ဆရာမများက လိုလားနေကြသည်။ သို့သော် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်အောင် သင်ကြားပေးရေးကို မလိုလားမရှုဆိတ်လိုသူတို့က ကျောင်းများပြန်လည်မဖွင့်လှစ်နိုင်အောင် နှောင့်ယှက်နေကြသည်။ ကြံစည်ဖျက်ဆီးနေကြသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပညာကိုမလိုလားသည်မှာ မှားယွင်းသောခံယူချက်၊ လုပ်ဆောင်ချက်သာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျောင်းသားလူငယ်တစ်ယောက်၏ အောင်မြင်မှုသည် မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးသုံးဖလှယ်တွင် တာဝန်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှာလည်း တာဝန်ရှိသည်။ ငြိမ်းချမ်းစွာ ပညာသင်ကြားလိုသမျှ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်သမျှကို ဆောင်ရွက်ပေးရန် အသင့်ဖြစ်နေသည်။ လူရယ်လို့ဖြစ်လာလျှင် သူ့အလုပ်သူလုပ်ကြရမည်သာဖြစ်သည်။ ကျောင်းသားသည် ပညာသင်ကြားသည့် အလုပ်လုပ်၊ ဝန်ထမ်းသည် ပြည်သူ့အကျိုးသယ်ပိုးရေးအလုပ်လုပ်၊ ကျန်းမာရေးဝန်ထမ်းသည် ကျန်းမာရေးစောင့်ရှောက်ပေးသည့် အလုပ်လုပ်၊ နိုင်ငံရေးသမားသည် နိုင်ငံရေးအလုပ်လုပ် စသည်ဖြင့် သူ့အလုပ်သူလုပ်ကြရပေမည်။

သို့သော် သူ့အလုပ်၊ သူ့တာဝန်ကို သူမလုပ်နိုင်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသူများကို တွေ့ရသည်။ ငြိမ်းချမ်းစွာ ပညာသင်ကြားရေးမှ ပြည်သူများ၏ လူမှုဘဝတည်ငြိမ်နေမည်ကို မလိုလားသော နိုင်ငံရေးအမြတ်ထုတ်လိုသော အဖွဲ့အစည်းများ၊ နိုင်ငံရေးမှိုင်းမိနေကြသူများနှင့် အဖျက်သမားများသည် မည်သည့်လုပ်ငန်းမှ မလုပ်နိုင်အောင် အနှောင့်အယှက်ပေးမှုများ၊ ကောလာဟလလွှင့်ထုတ်မှုများ၊ ဖျက်လိုဖျက်ဆီးပြုလုပ်မှုများပြုလုပ်၍ အဟန့်အတားဖြစ်အောင်၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် တစိုက်မတ်မတ် အားထုတ်လုပ်ဆောင်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

လက်ငင်းတွင်လည်း ပညာသင်ကြားလိုသော ကျောင်းသား ကျောင်းသူများအပါအဝင် လူငယ်လူရွယ်များသည် မသမာသူများ၏ သွေးထိုးမြှောက်ပင့်ပေးမှု၊ မဟုတ်မမှန်သည့် ကောလာဟလသတင်းထုတ်လွှင့်မှုများကြောင့် အယူအဆများ လွဲမှားစွာဖြင့် အချို့လူငယ်များသည် လမ်းမှားပေါ်သို့ ရောက်ရှိနေကြသည်။ ကျောင်းသားလူငယ်တို့၏စိတ်သည် မြူမတင်သေးသည့် ဖြူစင်သန့်ရှင်းသူများဖြစ်သည့်အပြင် လူငယ်တို့၏သဘာဝအရ ကာယအားဖြင့်လည်းကောင်း၊ စိတ်ဓာတ်အားဖြင့်လည်းကောင်း ဖျတ်လတ်တက်ကြွကြသည်။ စွမ်းစွမ်းတမံ ဆောင်ရွက်လိုကြသည်။ စူးစမ်းလိုကြသည်။ တီထွင်ဆန်းသစ်လိုကြသည်။

လူငယ်များ၏ပင်ကိုသတ္တိနှင့် အရည်အချင်းများသည် မိမိတို့၏အနာဂတ်ဘဝအတွက်လည်းကောင်း၊ နိုင်ငံတော်၏အနာဂတ်အတွက်လည်းကောင်း လွန်စွာအဖိုးတန်သော စွမ်းရည်များဖြစ်သဖြင့် ထိုစွမ်းရည်များကို လွဲမှားစွာ အသုံးချခံမဖြစ်မိစေရန် ကျောင်းသား ကျောင်းသူ လူငယ်တိုင်း အထူးသတိပြုမိရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် အသက်အရွယ်၊ အတွေ့အကြုံ၊ ပညာအရ မပြည့်စုံနုနယ်သေးသည်ဖြစ်၍ နိုင်ငံရေးအရောင်ဆိုးခြင်းခံရနိုင်သည်ကိုလည်း သတိချပ်သင့်ပေသည်။ အထူးသဖြင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အနာဂတ်မဆုံးရှုံးစေရန်၊ မပျောက်ပျက်စေရန် အထူးအလေးထား ဝိုင်းဝန်းဆောင်ရွက်ကြရမည်သာဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် အနာဂတ်ကိုပခုံးပြောင်း၍ တာဝန်ထမ်းဆောင်ရမည့်တာဝန်များ များစွာရှိသဖြင့် ငြိမ်းချမ်းစွာ၊ ချောမွေ့စွာ ပညာသင်ကြားရေးကို ရှေးရှုကာ အနှောင့်အယှက်အတားအဆီးမှန်သမျှကို ကျော်လွှားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင် ကို အဆင့်မြင့်ပညာဦးစီးဌာန၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၄-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၂,၅၆၁ | ၂၃,၅၆၁,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၂,၄၃၃ | ၈,၅၁၅,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၄၆၃ | ၈,၈၁၀,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၂ | ၁၁၅,၅၀၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၁၄ | ၄၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၇၁.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၉၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၂.၀၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၁၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၂.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၇.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၈၂.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၄.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၄၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့ တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိ**

❖ **ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင်မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည်မဟုတ်**

*** ရှေ့ဖုံးမှ**

ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)မှတ်တမ်းကို အတည်ပြုသည်။

### တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် **အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရသော အဓိကကျသည့်အဖွဲ့အစည်းဖြစ်**ကြောင်း၊ **မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေ**ကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အားရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

စီးပွားရေးကောင်းမွန်ရေးနှင့် ပတ်သက်၍ ဈေးကွက်ရရှိမည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန်လိုအပ်သဖြင့် စနစ်ကျသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ **မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာ ရရှိရန်အတွက် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ရန်လို**ကြောင်း၊ ထို့အပြင် ထုတ်ကုန်ပစ္စည်းများအား အဆင့်ဆင့်ရောင်းချခြင်းများကို တတ်နိုင်သမျှ လျှော့ချရန် လိုကြောင်း၊ **ကုန်ထုတ်လုပ်သူများနှင့် တောင်သူများအနေဖြင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ ကုန်ဈေးနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်လာမည်ဖြစ်**ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့သက်ဆိုင်သည့် ကဏ္ဍအလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ၏ပကတိအခြေအနေများနှင့် ချိန်ထိုးစဉ်းစား၍ နိုင်ငံ့ဘဏ္ဍာငွေများ အလေအလွင့်မဖြစ်ပေါ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

### တွန်းအားပေးဆောင်ရွက်

စားနပ်ရိက္ခာပေါများရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရသည်များနှင့် အားပေးဆောင်ရွက်ပေးနေမှုများ ရှိကြောင်း၊ မြစ်ချောင်းများအတွင်း ငါးသယံဇာတပေါများစေရေးနှင့် **လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိ**ကြောင်း၊ **ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လို**ကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း၊ နိုင်ငံ၏ စားရေရိက္ခာပေါများရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များရှိရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဝင်ငွေနှင့် မျှတသည့်အာဟာရ ပြည့်ဝသော အစားသောက်များ စားသုံးနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများကို အားပေးရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိ**ကြောင်း၊ ထို့ကြောင့် **ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လို**ကြောင်း၊ ယခုအခါ အိန္ဒိယနိုင်ငံအပါအဝင် အခြားနိုင်ငံအချို့တွင်လည်း **COVID-19 ရောဂါကူးစက်မှုများ မြင့်မားလျက်ရှိသဖြင့် မိမိတို့အနေဖြင့်လည်း COVID-19 ရောဂါကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်လို**ကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် မိမိတို့အနေဖြင့် ဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့် ပတ်သက်၍ ပညာပေးခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်လိုကြောင်း။

❖ **မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိ။**

❖ **ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လို။**

### ဖြည့်ဆည်းဆောင်ရွက်ပေးမည်

အားကစားကဏ္ဍနှင့်ပတ်သက်၍ အားကစားများပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှုရှိမည်ဖြစ်ကြောင်း၊ အလွယ်ကူဆုံးအားကစားနည်းနှစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစ၍ အားကစားပြိုင်ပွဲများတွင် အားကစားအောင်မြင်မှုများ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်းများစွာကျဆင်းခဲ့**ကြောင်း၊ **အားကစားပြိုင်ပွဲများပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်**ကြောင်း၊ **အားကစားနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြစေလို**ကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများပြုလုပ်ရာတွင် ကစားကွင်းများကောင်းမွန်ရေးသည်လည်း အဓိကကျသဖြင့် လိုအပ်သည့် အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍအား အပြည့်အဝအားပေးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့်မိမိတို့ နိုင်ငံ၏ ပညာရေးမြင့်မားရေးအတွက် အားပေးဆောင်ရွက်ရာတွင် ဆရာ ဆရာမများအတွက် ၎င်းတို့ ပညာအရည်အချင်းနှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ **တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အခြေခံပညာအတွက် ဆရာ၊ ဆရာမများကို သင်ကြားမှုသင်ယူမှု အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပညာရေးကဏ္ဍတွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ဥပဒေပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းသူများ များပြားလာစေရေးအတွက်လည်း တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်များ ထည့်သွင်းသင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားစေလိုကြောင်း၊ တက္ကသိုလ်ပညာရပ်များ သင်ကြားချိန်တွင် စီးပွားရေးနှင့်ပတ်သက်သည့် ပညာရပ်များကိုလည်း အထူးပြုသင်ကြားနိုင်ရေး အားပေးဆောင်ရွက်သွားစေလိုကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

### ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်

ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ CDM ပြုလုပ်မှုနှင့် ပတ်သက်၍ ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ **အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိကြ**ကြောင်း၊ **ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည်မဟုတ်**ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM ပြုလုပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံးပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း တင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**စာမျက်နှာ ၄ သို့** ○

❖ **ပညာရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍအား အပြည့်အဝအားပေးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရ။**

❖ **မိမိတို့နိုင်ငံ၏ ပညာရေးမြင့်မားရေးအတွက် အားပေးဆောင်ရွက်ရာတွင် ဆရာ ဆရာမများအတွက် ၎င်းတို့ ပညာအရည်အချင်းနှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လို။**

❖ **တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ။**

# မြို့ပြနှင့် ကျေးလက် ကွာဟမှုလျှော့ချရန်လိုအပ်

**တစ်နိုင်ငံလုံး လူမှုစီးပွားဘဝ မြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှုညီမျှအောင် ဆောင်ရွက်ရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုလျှော့ချရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက်ရှိကြောင်း၊ ၎င်းတို့မှာ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❍ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရေး(ပန်းခင်းစီမံချက်)ကို အလေးထားကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့်ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိ**ကြောင်း၊ **နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူနိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေး ဆောင်ရွက်ပေးသွားရမည်ဖြစ်**ကြောင်း၊ ပန်းခင်းစီမံချက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရမည့် ဦးရေ ၃ ဒသမ ၈ သန်းကျော်ရှိပြီး စီမံချက်ကာလ ၁၈ လ ကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့်သူများအား သွေးအုပ်စုခွဲခြင်းလုပ်ငန်းကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများရှိကြောင်း၊ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများရှိပြီး ပြည်ပနိုင်ငံများမှ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိကြောင်း၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် အစိုးရနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ခွဲခြားနားလည်စေရန် ရှင်းလင်းပြောကြားစေလိုကြောင်း။

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုနှောင့်နှေးမှုမရှိစေရန်အတွက် မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်လိုကြောင်း၊ **အနာဂတ်တွင် ပညာတတ်များရှိရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ကြရန်** ထပ်မံတိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ငမိုးရိပ်ရေထိန်းတံခါးနှင့် လဂွန်းပြင်ရေသန့်စင်စက်ရုံများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် မေ ၂၁ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါးနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ လဂွန်းပြင်ရေသန့်စင်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ငမိုးရိပ်ရေထိန်းတံခါးသို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ငမိုးရိပ်ရေထိန်းတံခါး ဆောင်ရွက်နိုင်ခဲ့သဖြင့် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းအတွင်းသို့ ဝင်ရောက်စီးဆင်းလာသော ချောင်းလက်တက်များမှရေများကို သိုလှောင်ထားရှိပြီး ရေစုပ်စက်များအသုံးပြု၍ နွေစပါး ဧက ၁၀၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မှု၊ နွေရာသီတွင် ရေထိန်းတံခါးအား ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်နှင့်နုန်းများဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မှုအခြေအနေနှင့် ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လဂွန်းပြင်ရေသန့်စင်စက်ရုံသို့ရောက်ရှိရာ စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမတွင် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးမြင့်ဇော်သန်းနှင့်တာဝန်ရှိသူများက ငမိုးရိပ်ရေလှောင်တမံအနီးမှ လဂွန်းပြင်ရေသန့်စင်စက်ရုံသို့ ရေပေးပို့မှု၊ ရေပေးဝေရေးဇုန်(၈)မှ ရေတွန်းစက်ဖြင့် ပြေလကုန်တွင်မောင်းနှင်ပြီး ရေပေးဝေနိုင်အောင် ပိုက်ဆက်ခြင်း၊ ရေ၏ဖိအားဒဏ်ကို အဆိုပါပိုက်များ ခိုင်ခံ့မှုနှင့် ခံနိုင်ရည်စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုများနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်းမြို့နယ်များရှိ ပြည်သူများထံသို့ သောက်သုံးရေ စမ်းသပ်ပေးဝေနေမှုများ၊ ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်များသို့ရေပေးဝေရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## မင်းလှမြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**အထက်မင်းလှ မေ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့၌ သံဃာတော်များ၊ သီလရှင်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရုံးရပ်တောင်ပိုင်းရပ်ကွက် ဦးကင်းဘုရားဓမ္မာရုံတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ထိုးနှံပေးကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ပြုလုပ်ပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း၊ မင်းလှမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သီလရှင်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအား ကာကွယ်ဆေးထိုးနှံရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပုလင်းအလုံးရေ ၆၀၀ ရရှိထားခြင်းဖြစ်ပြီး ပထမအကြိမ်ကာကွယ်ဆေးထိုးနှံပြီးသူ ၆၇၆၈ ဦးအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# စိုက်ပျိုးရေးသွင်းအားစုများ အရည်အသွေးပြည့်မီ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ တင်သွင်းဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မေ ၂၂**
မြန်မာနိုင်ငံအနေဖြင့် ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးစေ့များ ထပ်မံတင်သွင်းဖြန့်ဖြူးနိုင်သော အလားအလာနှင့် အခွင့်အလမ်းများ များစွာရှိနေသည့် အားသာချက်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် အရည်အသွေးကောင်းပြီး ဈေးနှုန်းသင့်တင့်သော စိုက်ပျိုးရေးသွင်းအားစုများ ရရှိသုံးစွဲနိုင်ရေးကို အလေးထားပြီး စိုက်ပျိုးရေးသွင်းအားစုများ စီးပွားဖြစ်ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအတွက်လည်း မျှတသောအကျိုးအမြတ်ရရှိရန် ဖန်တီးဖော်ဆောင်နိုင်မှသာ ရေရှည်တည်တံ့သည့် စီးပွားရေးကွင်းဆက်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးသွင်းအားစုများ အရည်အသွေးပြည့်မီစွာဖြင့် ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ တင်သွင်းဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**အလွန်နည်းပါးလျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲမှု၊ မျိုးကောင်းမျိုးသန့်မျိုးစေ့သုံးစွဲမှု ပမာဏမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလျက်ရှိရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO-Stat website တွင် ဖော်ပြထားချက်အရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပိုးသတ်ဆေး တန်ချိန်သုံးထောင်ကျော် သုံးစွဲခဲ့ပြီး ထိုင်းနိုင်ငံက တန်ချိန်သုံးသောင်းကျော်၊ ဗီယက်နမ်နိုင်ငံက တန်ချိန်နှစ်သောင်းကျော် သုံးစွဲခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ယူရီးယားမြေဩဇာ တန်ချိန် တစ်သိန်းရှစ်သောင်းကျော်သုံးစွဲခဲ့ပြီး ထိုင်းနိုင်ငံ၌ တန်ချိန် ၁၈ သိန်းကျော်၊ ဗီယက်နမ်နိုင်ငံ၌ တန်ချိန် ၁၄ သိန်းကျော် သုံးစွဲခဲ့ကြောင်း၊ မျိုးစေ့ကဏ္ဍအနေဖြင့် လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ဟင်းသီးဟင်းရွက် တစ်ဟက်တာအတွက် မျိုးစေ့ဖိုးသုံးစွဲငွေ ၁၆ ဒေါ်လာသာ ရှိနေချိန်တွင် ထိုင်းနိုင်ငံ၌ ၁၁၇ ဒေါ်လာ၊ ဗီယက်နမ်နိုင်ငံက ၅၉ ဒေါ်လာ သုံးစွဲနေသည့် တွေ့ရှိချက်များအရ မိမိတို့နိုင်ငံ၏ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးစေ့များ ထပ်မံတင်သွင်းဖြန့်ဖြူးနိုင်သော အလားအလာနှင့် အခွင့်အလမ်းများ များစွာရှိနေသည့် အားသာချက်ကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးကောင်း စိုက်ပျိုးရေးသွင်းအားစုများကို တောင်သူများ အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ တင်သွင်းတင်ပို့မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ကြစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ငွေကြေးနှင့်အချိန် ကုန်ကျမှုသက်သာစေရန်တို့အတွက် ကြိုးပမ်းစီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည့်စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ထောက်ခံချက်များကို Myanmar Agricultural Inputs Registration System (MAIRS) စနစ်ဖြင့် အွန်လိုင်းမှ အလွယ်တကူ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါ အွန်လိုင်းစနစ်၏ အားသာချက်၊ အားနည်းချက်များကိုလည်း ယနေ့အစည်းအဝေးတွင် ကုမ္ပဏီများဘက်က သုံးသပ်ဆွေးနွေးပေးကြစေလိုကြောင်း၊ မှတ်ပုံတင်ခြင်း၊ အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားခြင်းကိုလည်း မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ နည်းပညာအဆင့်နှင့် အမျိုးသားအဆင့် ကော်မတီအစည်းအဝေးများတွင် MAIRS Online စနစ်အသုံးပြုပြီး လုပ်ငန်းစဉ်တစ်ခုလုံး၌ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက စိုက်ပျိုးရေးသွင်းအားစုများ စိုက်ပျိုးရာသီအမီ တင်သွင်း၊ ဖြန့်ဖြူးနိုင်ရေးနှင့် အရည်အသွေးပြည့်မီစွာ အသုံးပြုနိုင်ရေး၊ ဈေးနှုန်းသင့်တင့်မျှတစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ပြည်ပမှ တိုက်ရိုက်တင်သွင်းခြင်း၊ ပြည်တွင်းထုတ်လုပ်မှုအတွက် ကုန်ကြမ်းတင်သွင်းခြင်းလုပ်ငန်းများအတွက် နိုင်ငံခြားငွေ အချိန်မီလဲလှယ်ရရှိရေးနှင့် လျင်မြန်စွာပြောင်းလဲနေသော ငွေကြေးလဲလှယ်မှုနှုန်းထား သက်သာစေရေးအတွက် နိုင်ငံတော်မှ ကူညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ MAIRS စနစ်ဖြင့် အွန်လိုင်းလုပ်ငန်းစဉ် အသုံးပြုဆောင်ရွက်မှု အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများမှ ကိုယ်စားလှယ် ၃၈ ဦးတို့ ပါဝင်တက်ရောက်ကြသည်။

**ပိုးသတ်ဆေးကုမ္ပဏီ ၃၇၇ ခု**

လယ်ယာကဏ္ဍတွင် အသုံးပြုရန် ပြည်ပမှ ဝယ်ယူတင်သွင်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ယူရီးယား တန် ၆၇၀၀၀၀၊ ပိုးသတ်ဆေး တန် ၁၆၀၀၀ နှင့် မျိုးစေ့ တန် ၅၀၀၀ တင်သွင်းပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီးသော ပိုးသတ်ဆေးကုမ္ပဏီ ၃၇၇ ခု၊ ရာနှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော ပိုးသတ်ဆေးကုမ္ပဏီ ငါးခု ၊ ပြည်တွင်း၌ ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီ ၂၂ ခု ၊ ပြည်တွင်းတွင် ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးရောင်းချနေသော ကုမ္ပဏီ လေးခု၊ မှတ်ပုံတင်ခွင့်ပြုပြီးသော ဓာတ်မြေဩဇာကုမ္ပဏီ ၆၃၇ ခု၊ ရာနှုန်းပြည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော ဓာတ်မြေဩဇာကုမ္ပဏီ ရှစ်ခုရှိကြောင်း သိရသည်။

သတင်းစဉ်

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေး ကျင်းပ





**နေပြည်တော် မေ ၂၂**
ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆက်လက်ဆောင်ရွက်သွားမည်**

အစည်းအဝေးတွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) အကောင်အထည်ဖော်ရေးကော်မတီကို ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်း နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းတာဝန်ပေးခဲ့၍ ကော်မတီအစည်းအဝေး စုစုပေါင်း ခုနစ်ကြိမ်၊ ဆပ်ကော်မတီအစည်းအဝေး စုစုပေါင်း သုံးကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော အမျိုးသားပင်စင်စနစ်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေအရ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် လုပ်ငန်းစဉ်တို့အား ဆောင်ရွက်ရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ရာ ပြည်သူ့လွှတ်တော်တွင် အတည်ပြုခဲ့ပြီးဖြစ်သော်လည်း အမျိုးသားလွှတ်တော်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိကြောင်း၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စများ၊ ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများလည်းပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များကို ပိုမိုတိုးတက်ခံစားရရှိနိုင်စေမည့် ပင်စင်ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနှစ်ဆန်း ဘေးမသန်း အေးချမ်းသာယာရှိပါစေ (၁)

မောင်သမ္မာဒိဋ္ဌိ

**လူမိုက်လက္ခဏာ မြင်သာပါသည်**

လူ့အဖွဲ့အစည်းတွင် လူမိုက်၊ လူယုတ်မာဟု သိသာမြင်သာသော သွင်ပြင်လက္ခဏာများကို ဖော်ပြရပါလျှင်–

(၁) မကောင်းသော အကြံအစည်ကို ကြံစည်ခြင်း၊
(၂) မကောင်းသောစကားကိုသာ ပြောဆိုခြင်း၊
(၃) မကောင်းသောအလုပ်များကိုသာ လုပ်ကိုင်ခြင်းတို့ပင် ဖြစ်ပါသည်။

ဤသွင်ပြင်လက္ခဏာသုံးရပ်ရှိသူတိုင်း မည်သူမဆို “ဗာလ” ခေါ် “လူမိုက်”၊ “လူယုတ်မာ” ဟူ၍ သတ်မှတ်ရမည်ဖြစ်သည်။ အမျိုးမြတ်သူပင်ဖြစ်စေ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူပင်ဖြစ်စေ၊ အုပ်ချုပ်သောအစိုးရပင်ဖြစ်စေ၊ အစိုးရအရာထမ်း၊ အမှုထမ်းများပင်ဖြစ်စေ ထိုသွင်ပြင်လက္ခဏာ သုံးရပ်ရှိနေပါလျှင် လူမိုက်၊ လူယုတ်မာပင် ဖြစ်တော့သည်။ လူမိုက်၊ လူယုတ်မာတို့သည် အသိပညာဆင်ခြင်တုံတရား၊ သတိတရားတို့ဖြင့် အသက်ရှင်သန်နေကြသူများ မဟုတ်သည့် အသက်ရှူရုံမျှဖြင့် အသက်ရှင်နေသောကြောင့် လူမိုက်၊ လူယုတ်မာဟု သတ်မှတ်ထားခြင်းပင်ဖြစ်သည်။

နိုင်ငံရေး မသမာသူများ၏ အကြမ်းဖက်တိုက်ခိုက်မှု အဖျက်လုပ်ငန်း ဇာတ်ညွှန်းအတိုင်း ဥပဒေကိုဆန့်ကျင်ကာ အလုံးစုံ ပျက်စီးရာပျက်စီးကြောင်းကို အကြမ်းဖက်သမားများက လက်ရဲဇက်ရဲ ကျူးလွန်ကာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဘဝကို အကြမ်းဖက်တိုက်ခိုက်နည်းမျိုးစုံဖြင့် ဖျက်ဆီးလျက်ရှိကြသည်။ နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေကြသည်။ မသမာသူများသည် ပြောတော့လည်း ဒီမိုကရေစီ၊ လုပ်တော့လည်း မင်းမဲ့စရိုက် အဖျက်လုပ်ရပ်များကိုသာ ဦးထိပ်ပန်ဆင်နေကြသည်။ ဤသို့အကြမ်းဖက် မင်းမဲ့စရိုက်လုပ်ရပ်များ ရှိနေသမျှကာလပတ်လုံး တိုင်းပြည်နှင့်ပြည်သူတို့သာ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးရသည့် ဆိုးကျိုးများသာ ပေါ်ထွက်လာမည်ဖြစ်ပြီး ဒီမိုကရေစီဟူသော ယဉ်ကျေးသိမ်မွေ့မြင့်မြတ်လှသည့် နိုင်ငံရေးကျင့်စဉ်မှာ လုံးဝရပ်တည်၍ မရနိုင်ပါ။

အကြမ်းဖက် မင်းမဲ့စရိုက်များရှိနေလျှင် ဒီမိုကရေစီနှင့် ဝေးလေဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီကျင့်စဉ်တွင် “ငါနှင့်ငါသာ နှိုင်းစရာ ငါမပါလျှင် ဘယ်ဟာမှမပြီး၊ ငါပါမှသာပြီး”ဆိုသော“အတ္တလွန်ဝါဒ”၊ “လူပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်ရေးဝါဒ”၊ “ပုဂ္ဂလဓိဋ္ဌာန်ဝါဒ” တို့ဖြင့် အကောင်အထည်ဖော်ဆောင်၍ မရနိုင်ပါ။

မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးကို ထိုးဖောက်ဖျက်ဆီးနေသော နိုင်ငံရေးမသမာသူများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အရေခြုံကာ ကြောင်သူတော်ကြွက်သူခိုး လုပ်နေကြသူများ၊ နည်းလမ်းမမှန် မရိုးသားဘဲ နိုင်ငံတော်အာဏာကို မသမာသောနည်းဖြင့် ရယူလိုသူ နိုင်ငံရေးဝိသမလောဘသားများ၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားထက် တစ်ပါတီ၏ အကျိုးစီးပွားသက်သက်ကိုသာကြည့်ပြီး အာဏာကို ဖက်တွယ်ထားလိုကြသူများ၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်ဟူသော သဘောမရိုး မနောဆိုးဖြင့် ဒီမိုကရေစီအာဏာရှင်စနစ်ကို ကျင့်သုံးလိုကြသူများကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော၊ ဒီမိုကရေစီစင်မြင့်ပေါ်သို့ တင်ပေးရန် မဖြစ်နိုင်ပါ။ ထိုနိုင်ငံရေးမသမာသူများ၏လက်ထဲသို့ နိုင်ငံတော်အာဏာကိုထည့်ပေးမိလိုက်ပါက မျောက်ကို ဥယျာဉ်မှူးခန့်ပေးလိုက်သလို၊ အရူးလက်ထဲသို့ ဓားထည့်ပေးလိုက်မိသကဲ့သို့ တိုင်းပြည်လည်းနာ၊ လူထုလည်းနစ်နာကြရမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

ဤသို့သော အခြေအနေများကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိခဲ့စဉ်က ဗိုလ်ချုပ်သည် သူ့ကို ဝန်းရံ၍လည်းကောင်း၊ ခုတုံးလုပ်၍လည်းကောင်း မဲဆွယ်စည်းရုံးခဲ့ကြသည့် ခါတော်မီနိုင်ငံရေးသမားများ၊ တစ်ပွဲတိုး နိုင်ငံရေးသမားများ၊ လေ့ကြုံစီးနိုင်ငံရေးသမားများ၊ တိုင်းပြည်နှင့်လူမျိုးကို ရင်ထဲကမပါဘဲ ချစ်ဟန်ဆောင်ပြတတ်ကြသော သရုပ်ဆောင်နိုင်ငံရေးသမားများ၊ ပြည်ပအားကိုး ပုဆိန်ရိုးများကို အလွန်စက်ဆုပ်ပြီး တိုင်းရင်းသားပြည်သူများက ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲများမထားကြဘဲ အရွေးမမှားကြရအောင် ဆင်ခြင်တုံအသိတရားဖြင့် စိစစ်ရွေးချယ်ကြရန် သတိပေးလမ်းညွှန်မိန့်ကြားခဲ့သည့် မိန့်ခွန်းများက ယနေ့ထက်တိုင် သက်ဝင်ရှင်သန်နေဆဲ ဖြစ်နေသည်ကို တွေ့ရသည်။ သာဓကအားဖြင့် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဂျပန်ခေတ် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဗိုလ်ချုပ်က–

“တိုင်းသူပြည်သားလူအများနဲ့ ခေါင်းဆောင်ဆိုတဲ့လူတွေကို ပြောလိုတာကတော့ တကယ် ကျွန် မဖြစ်ချင်ရင် ကျွန် မဖြစ်တဲ့ နည်းလမ်းတွေ ရှာပြီးတော့ တကယ့်စွန့်စားမှုနဲ့ တကယ်အလုပ်လုပ်ကြပါ။ အချောင်သမားအလုပ်တွေ တစ်ပွဲထိုးဝါဒတွေ၊ ဒါမျိုးတွေနဲ့ လုပ်မယ်ဆိုရင်တော့ မြန်မာပြည် မစွံနိုင်ဘူးဆိုတာ တစ်ထစ်ချမှတ်ထားပါ။

တိုင်းပြည်အကျိုးကို ရှေးရှုရမယ်၊ ကိုယ်ထင်ရာကိုယ်လုပ်လို့ မဖြစ်ဘူး၊ တိုင်းပြည်နာတာကို ကြည့်ရမယ်၊ ရာထူးတွေသိပ်မလိုချင်နဲ့ဦး၊ ဘယ်သူဖြစ်ဖြစ် ခေါင်းဆောင်ဖြစ်ချင်ရင် ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အချင်း ပြည့်စုံရမယ်၊ သူများနှာခေါင်းနဲ့ အသက်ရှူပြီး တန်တန်မတန်တန် ရာထူးမလိုချင်ကြပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားကြပါ၊ အရည်အချင်းလည်းမရှိ၊ ဘယ်သူကမှ အသိအမှတ်ပြုလောက်အောင် စွန့်စားချက်လည်းမရှိ၊ ကြီးကျယ်ချင်တဲ့လူတွေဟာ ဘယ်တော့မှ ခေါင်းဆောင်မဖြစ်နိုင်ဘူး” ဟု ပွင့်ပွင့်လင်းလင်း မိန့်ကြားခဲ့သည်။

**ကြည့်လေ၊ နိုင်ငံရေးမသမာသူများ၊ နိုင်ငံရေးအမြတ်ထုတ်သူများ၏ မဟုတ်မမှန် လီဆယ်လုပ်ကြံကာ မက်လုံးပေးဆွဲဆောင်မှု ထောင်ချောက်ထဲဝင်ပြီး ယုံမှတ်၍ ပုံအပ်လိုက်မိကြသူများမှာ အဖျက်လုပ်ငန်းများ၏ တရားခံများသာ ဖြစ်သွားရသည့် ဆိုးကျိုးများကို ခံစားနေကြရပြီဖြစ်သည်။ နိုင်ငံရေးမသမာသူများနှင့် ပြည်ပမှ တရားမဝင် ထောက်ပံ့မှုများကို ရယူထားသော အမျိုးသားသစ္စာဖောက်များသည် ဘယ်သူသေသေ ငတေမာပြီးရောဟူသော မနောမရိုး သဘောဆိုးဖြင့် အဖျက်မှိုင်းတိုက်ကာ မက်လုံးအမျိုးမျိုးပေး၍ တိုင်းဆူပြည်ဖျက်လုပ်ငန်းများကို လုပ်ကိုင်ရန် နောက်ကွယ်မှကြိုးကိုင်ဆောင်ရွက်။**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ရွှေတိဂုံစေတီတော်၏ အနောက်ဘက်မုခ်အနီးရှိ မြေကွက်လပ်၌ ကျင်းပပြုလုပ်ခဲ့သော လူထုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်က–

“တိုင်းပြည်ကို လိမ်ညာနေတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေ၊ ကိုယ့်အစွမ်းအစကို အားမကိုးတဲ့လူတွေ ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီး လာစေကာမူ ဘယ်နည်းနှင့်မျှ အားမပေးပါနဲ့၊ ခင်ဗျားတို့ လည်ပင်းကို ကြိုးကွင်းစွပ်ချင်ရင်ဖြင့် ကျုပ်ဘာမှမပြောလိုတော့ဘူး” ဟူ၍လည်း ရွေးကောက်ပွဲများတွင် ရွေးချယ်မဲပေးတတ်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

**လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ကင်းအောင်နေ**

မီးပူသည်မသိ၍ ကိုင်တွယ်မိသည်ဖြစ်စေ၊ သိလျက်နှင့်ကိုင်တွယ်မိသည်ဖြစ်စေ၊ အပူလောင်ခံရမည်သာဖြစ်သည်။ ထို့အတူ မီးလောင်နေသောအိမ်၌ မီးတောက်မီးလျှံများသည် နေအိမ်ကို လောင်မြိုက်ဝါးမျိုပစ်သကဲ့သို့ ထိုနေအိမ်အတွင်းရှိ ရှိရှိသမျှသော အရာအားလုံးကိုပါ အလွတ်လုံးဝမပေးဘဲ လောင်မြိုက်ဝါးမျိုသွားသကဲ့သို့ လူဆိုး၊ လူမိုက်၊ လူယုတ်မာတို့သည် သူတို့၏ အကြံအစည်မှား၊ အပြောအဆိုအမှား၊ အလုပ်အကိုင်အမှားများဟူသော မနောစရိုက်ဆိုး၊ ဝစီစရိုက်ဆိုး၊ ကာယစရိုက်ဆိုးတို့ကို လက်ခံလိုက်နာပြုကျင့်သူ မှန်သမျှတို့သည် ပြစ်ဒဏ်ခံရကာ ဆုံးရှုံးပျက်စီးကြရသည်ဟု မြတ်ဗုဒ္ဓက ဓမ္မပဒ၊ ဗာလဝဂ်တွင် လမ်းညွှန်ဆုံးမထားတော်မူခဲ့ပါသည်။

ကြည့်လေ၊ နိုင်ငံရေးမသမာသူများ၊ နိုင်ငံရေးအမြတ်ထုတ်သူများ၏ မဟုတ်မမှန်လီဆယ်လုပ်ကြံကာ မက်လုံးပေးဆွဲဆောင်မှု ထောင်ချောက်ထဲဝင်ပြီး ယုံမှတ်၍ ပုံအပ်လိုက်မိကြသူများမှာ အဖျက်လုပ်ငန်းများ၏ တရားခံများသာ ဖြစ်သွားရသည့် ဆိုးကျိုးများကို ခံစားနေကြရပြီဖြစ်သည်။ နိုင်ငံရေးမသမာသူများနှင့် ပြည်ပမှ တရားမဝင် ထောက်ပံ့မှုများကို ရယူထားသော အမျိုးသားသစ္စာဖောက်များသည် ဘယ်သူသေသေ ငတေမာပြီးရောဟူသော မနောမရိုး သဘောဆိုးဖြင့် အဖျက်မှိုင်းတိုက်ကာ မက်လုံးအမျိုးမျိုးပေး၍ တိုင်းဆူပြည်ဖျက်လုပ်ငန်းများကိုလုပ်ကိုင်ရန် နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေကြသည်။

ထိုသို့ တိုင်းဆူပြည်ဖျက် အဖျက်လုပ်ငန်း၊ အမျိုးဘာသာ၊ သာသနာတော်ကို စော်ကားမှုများနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် ဧပြီလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ပြီးခဲ့သည့် ငါးနှစ်ကာလအတွင်း ရဟန်းသံဃာတော်များအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ ရဟန်းသံဃာများ စိတ်လက်ချမ်းသာစွာ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ၈၇ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးဝိသေသနှင့်လျော်ညီသည့် ထေရဝါဒဗုဒ္ဓသာသနာ နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အခြားဘာသာဝင်များကိုလည်း စိတ်ချမ်းမြေ့စွာဖြင့် သက်ဆိုင်ရာ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစုသည် ယဉ်ကျေးမှုများ ပျက်ပြားလာပြီး မိမိ၏ မိဘကိုပင် စွန့်လွှတ်ခြင်း၊ ဘုန်းတော်ကြီးများနှင့် ဆရာ ဆရာမများကို ရိုင်းစိုင်းစွာ စော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေး ပြန်လည်တည့်မတ်ပေးရန် လိုကြောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ကလည်း လူငယ်များ ယဉ်ကျေးလိမ္မာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ တတ်ကျွမ်းစေရေးအတွက်လည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူများ ဘာသာတရားများနှင့်အညီ ယဉ်ကျေးမှုရှိစေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုကြောင်း စသည်ဖြင့် လမ်းညွှန်ထောက်ပြခဲ့သည်ကို တွေ့ရှိရပါသည်။

အလားတူပင် ၂၀၂၂ ခုနှစ် ဧပြီလ ၆ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သဘင်ဆောင်၌ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ ဆူပူအကြမ်းဖက်မှုများ၊ နိုင်ငံဖျက်လှုပ်ရှားမှုဖြစ်သည့် CDM လှုပ်ရှားမှုများ၊ ဘာသာ သာသနာတော်ကို ရိုင်းစိုင်းစွာ စော်ကားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ –

“ဖေဖော်ဝါရီ ၃ ရက်ကစပြီး ဆန္ဒပြဖော်ထုတ်မှုများရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆူပူမှု၊ အကြမ်းဖက်မှု၊ တိုက်ခိုက်မှု၊ လူသတ်မှု၊ လုယက်ဖျက်ဆီးမှု၊ မီးရှို့မှုများ လုပ်ဆောင်လာကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ကျည်အစစ်ဖြင့် ပစ်ခတ်မှုမျိုး ဆောင်ရွက်ခြင်းမပြုဘဲ ရော်ဘာကျည်ဖြင့်သာ ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးပြီး ၂၆၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့သည် တိုင်းပြည်တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ထမ်းဆောင်ရင်း သေဆုံးခဲ့၊ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆန္ဒပြသူ ၂၄၈ ဦး သေဆုံးသည့်အတွက် သေမှုသေခင်းဖွင့်လှစ်ထားကြောင်း။

စာမျက်နှာ ၇ သို့ ○

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် မေ ၂၂

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်စိုးဦး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ စေတီတော်ဂေါပက အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တဇနိန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဧည့်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းပြီး ပေါက်မြိုင်ကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(၁၂၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မှစတင်ကာ မေ ၂၆ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၂

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ် ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ် ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၂

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၆ မှ

ဆန္ဒပြသူများထံမှ ပစ္စတိုသေနတ်၊ ပွိုင့်တူးတူး လေသေနတ်၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံး၊ အခြားလက်နက်ပစ္စည်းတွေကိုသုံးလာကြောင်း၊ ယင်းကိုမီဒီယာများက အဖြစ်မှန်ကို မဖော်ပြဘဲ ရိုးရိုးသားသားဆန္ဒပြမှုအဖြစ် ပုံဖော်နေကြောင်း၊ ပြည်တွင်းမီဒီယာများကို ထိန်းသိမ်းနိုင်သော်လည်း အွန်လိုင်းနှင့် နိုင်ငံတကာသတင်းများကို မထိန်းသိမ်းနိုင်ကြောင်း၊ CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှုဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတွင်လည်း ဆန္ဒပြမှုများရှိသော်လည်း စီးပွားရေးလုပ်ငန်းပျက်စီးအောင် မလုပ်ဆောင်ကြကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၌ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ရုံးဌာနများ၊ စက်ရုံအလုပ်ရုံများ လည်ပတ်၍မရအောင် CDM ဆောင်ရွက်မှုသည် တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း။

ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်တွင် ဝန်ထမ်းများကြား NGO၊ INGO များက စည်းကမ်းမဲ့ ဒီမိုကရေစီပုံစံများဖြစ်အောင် ရိုက်သွင်းခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်သူများအနေဖြင့် ထဘီများတွင် ဘုန်းတော်ကြီးပုံများ ချိတ်ဆွဲဆောင်ရွက်မှုများသည် သာသနာတော်အပေါ် စော်ကားခြင်းဖြစ်ကြောင်း၊ ဆေးရုံများပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရကြောင်း၊ ယင်းကို တပ်မတော်အနေဖြင့် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း" စသည်ဖြင့် လမ်းညွှန်ထောက်ပြ မှာကြားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုသို့မကောင်းမှုများကို ကျူးလွန်ရန် ရှက်ခြင်းဟူသော ဟိရိတရား၊ မကောင်းမှုများကို ကျူးလွန်ရန် ကြောက်ခြင်းဟူသော ဩတ္တပ္ပတရား မရှိကြဘဲ ရိုင်းစိုင်းရက်စက်ကြမ်းကြုတ်စွာ စော်ကား ကျူးလွန်ဝံ့ကြသည့် မိစ္ဆာဒိဋ္ဌိအယူများကို အမြဲခံယူလျက် ဒုစရိုက်မှုမှန်သမျှကို ကျူးလွန်ရန် ဝန်မလေးကြပါ။ ။(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သော ချင်းတိုင်းရင်းသား ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း

ကြည်ဇင်သော်

တစ်ခေတ်တစ်ခါ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်ထောင်စုကြီး မပြိုကွဲရန် အစိုးရနှင့် တပ်မတော်တို့က ကြိုးပမ်းနေကြစဉ်တွင် မိမိအသက်ကို မငဲ့ကွက်ဘဲ ကျရာတာဝန်ကို ရဲစွမ်းသတ္တိနှင့် ပြည့်စုံစွာ ထမ်းဆောင်ခဲ့သည့် ချင်းတိုင်းရင်းသားတစ်ဦး၊ အငြိမ်းစားယူသွားခဲ့ပြီးနောက် နိစ္စဓူဝ ပေါက်တူး၊ ပေါက်ပြားကိုင်ကာ ဇာတိမြေတောင်ပေါ်တစ်နေရာတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော်လည်း နိုင်ငံအတွက် အရေးကြုံလာပါက သေနတ်ကိုဆွဲ၍ စစ်မြေပြင်သို့သွားရန် အသင့်ရှိနေတတ်သူတစ်ဦး၏ ဘဝကို ပုံဖော်ထားသည့် စာအုပ်တစ်အုပ်ကို မိတ်ဆက်ပေးလိုပါသည်။

ထိုစာအုပ်ကား ဗိုလ်ကြီး အောင်ဆန်းသူရိယတိုက်ချွန်းစာအုပ် ဖြစ်ပါသည်။ ရေးသားထားသည့် အကြောင်းအရာမှာ ချင်းတိုင်းရင်းသား ဗိုလ်ကြီး အောင်ဆန်းသူရိယတိုက်ချွန်း၏ တိုက်ပွဲအတွေ့အကြုံများ၊ ၎င်း၏ အတ္ထုပ္ပတ္တိပင်ဖြစ်ပါသည်။

**စိတ်ဓာတ်ကို ကိုယ်စားပြုဖော်ပြထား**


ဗိုလ်ကြီး အောင်ဆန်းသူရိယတိုက်ချွန်းက **"အမှန်ဆိုလျှင် တိုင်းပြည်အတွက် စွန့်စားလှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် မည်သည့်ဆုလာဘ်ကိုမျှ ကျွန်တော် မမျှော်ကိုးခဲ့ပါ။ အထက်က ပေးအပ်သောအမိန့်ကို ကျွန်တော် တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ပါသည်။ သို့နှင့် ရရှိလာသောအောင်မြင်မှု အတိုင်းအတာအလိုက် ဤဆုများ၊ ဘွဲ့များကို တိုင်းပြည်က ကျွန်တော့်အား ချီးမြှင့်သည်ဟု ခံယူမိပါသည်"** ဟု အမှာစာတွင် ရေးသားထားရာ ယင်းမှာ တပ်မတော်သားတိုင်း သစ္စာလေးချက် ဦးထိပ်ရွက်ပြီး ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ဦးလည်မသုန် ထမ်းရွက်တတ်သည့် စိတ်ဓာတ်ကို ကိုယ်စားပြုဖော်ပြထားသကဲ့သို့ ဖြစ်ပါသည်။

ထို့ပြင် ၎င်းက **"ယနေ့ မြန်မာလူငယ်များသည် အမိနိုင်ငံကို ကာကွယ်ရန်အတွက် တာဝန်အရှိဆုံး အပိုင်းတွင် ရပ်တည်နေကြသည်ကို မမေ့ကြပါနှင့်"** ဟု တိုက်တွန်းရေးသားထားသည်မှာ အနာဂတ်ကို ပိုင်စိုးသော လူငယ်များအပေါ် အားကိုးအားထားပြုသော မျိုးချစ်စိတ်ဓာတ်ကြီးမားသူတို့၏ သဘောကို ထင်ဟပ်နေပါသည်။

တိုက်ချွန်းသည် ရဲရင့်၏။ သန်မာဖျတ်လတ်၏။ တစ်ဖက်ရန်သူအင်အား ဘယ်လောက်များများ ကိုယ်ပိုင်အသိဉာဏ်၊ စစ်ပရိယာယ်အမျိုးမျိုးဖြင့် ဖြေရှင်းဖောက်ထွက် အနိုင်ယူတတ်၏။ ဗိုလ်ကြီး တိုက်ချွန်းအကြောင်းကို စာရေးဆရာ တက္ကသိုလ် စိန်တင်က တွေ့ဆုံမေးမြန်း၍ ဖတ်ချင့်စဖွယ် ပြန်လည်ရေးသားထားသည့် စာအုပ်ပင်ဖြစ်ပါသည်။ စာအုပ်မိတ်ဆက်တွင် စာရေးဆရာ တက္ကသိုလ် စိန်တင်က

" 'မင်းရဲကျော်စွာ၊ တပင်ရွှေထီးပုံညီ၊ ဘုရင့်နောင်မှာ အလောင်းဘုရားတို့သည်..' ဟု စစ်ချီတေးသီချင်းတစ်ပုဒ်က ဆိုပါသည်။ မြန်မာတိုင်းရင်းသားတို့သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြသော သူရဲကောင်းများဖြစ်ကြောင်းကို သည်သီချင်းက အဓိပ္ပာယ်ဖော်ပြလိုဟန်ရှိပါသည်။ မြန်မာတိုင်းရင်းသားများဖြစ်ကြသော မင်းရဲကျော်စွာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည် နိုင်ငံ့



**ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းက "အမှန်ဆိုလျှင် တိုင်းပြည်အတွက် စွန့်စားလှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် မည်သည့်ဆုလာဘ်ကိုမျှ ကျွန်တော် မမျှော်ကိုးခဲ့ပါ။ အထက်က ပေးအပ်သောအမိန့်ကို ကျွန်တော် တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ပါသည်။ သို့နှင့်ရရှိလာသော အောင်မြင်မှုအတိုင်းအတာအလိုက် ဤဆုများ၊ ဘွဲ့များကို တိုင်းပြည်က ကျွန်တော့်အား ချီးမြှင့်သည်ဟု ခံယူမိပါသည်" ဟု အမှာစာတွင် ရေးသားထားရာ ယင်းမှာ တပ်မတော်သားတိုင်း သစ္စာလေးချက် ဦးထိပ်ရွက်ပြီး ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ဦးလည်မသုန် ထမ်းရွက်တတ်သည့်စိတ်ဓာတ်ကို ကိုယ်စားပြုဖော်ပြထားသကဲ့သို့ဖြစ်။**

အရေးကြုံခဲ့စဉ်က သက်လုံကောင်းစွာ စွန့်စားခဲ့ကြသည်ကိုလည်း သီချင်းက ဖော်ထုတ်ဂုဏ်ယူလိုဟန်ရှိပါ၏။ မှန်ပါသည်။ ဂုဏ်ယူစံထားဖွယ်ဖြစ်ရပ်များအတွက် အဘယ်ကြောင့် ဂုဏ်မယူနိုင်ရမည်နည်း။

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံတော်သမိုင်းကို အစဉ်အဆက်မပြတ်အောင် ရေးသားပြုစုသွားနိုင်ရန်၊ မြန်မာတို့သည် နိုင်ငံချစ် သူရဲကောင်းများဖြစ်ကြောင်း မော်ကွန်းထိုးသွားနိုင်ရန်၊ မြန်မာတိုင်းရင်းသားတို့သည် မဟုတ်လျှင်မခံ၊ စွမ်းစွမ်းတမံ တိုက်ပွဲဝင်တတ်သော လူမျိုးတစ်မျိုးဖြစ်ကြသည်ကို နှောင်းလူတို့ စံနမူနာယူတတ်ကြစေရန် တတ်စွမ်းသမျှ ဖော်ထုတ်ဂုဏ်ပြုကြရမည် မဟုတ်ပါလား" ဟု သမိုင်းဝင် "အောင်ဆန်းသူရိယတိုက်ချွန်း" အမည်ရှိစာအုပ်ကို ရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြခဲ့သည်။

လွတ်လပ်ရေးမရမီကာလနှင့် ခါးသီးလှသည့် ပြည်တွင်းစစ်ပွဲကာလများကို ပြဇာတ်တစ်ခုအဖြစ် သဘောထားမည်ဆိုပါက ဇာတ်ခုံပေါ်တွင် သေနတ်တစ်လက်ဖြင့် ခုန်လိုက်၊ ပျံလိုက်၊ ပြေးလိုက်၊ လွှားလိုက်နှင့် လုပ်ကြရသူများအနက် ကိုသက်ပြင်းဟုဆိုရမည့် ဗိုလ်တိုက်ချွန်းလည်း အပါအဝင်ဖြစ်ပါသည်။ ပစ်ရင်းခတ်ရင်း၊ ရှောင်ရင်းတိမ်းရင်းဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို သူထမ်းဆောင်ရသည်။ ချီရတက်ရ တိုက်ရခိုက်ရနှင့် ပြည်တွင်းစစ် ဇာတ်သဘင်ကြီးတွင် သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့ရလေသည်။ ဇာတ်ခုံပေါ်မှ အဖြစ်အပျက်များသာမက ဇာတ်စင်နောက်ကွယ်က အခြေအနေဟု တင်စားရမည့် နိုင်ငံရေးအခြေအနေနှင့် ထိုခေတ်ထိုအခါက အားကျဂုဏ်ယူဖွယ်၊ သနားကရုဏာသက်ဖွယ်၊ သံဝေဂယူရှောင်ကြဉ်ဖွယ်ရာများကိုလည်း ယခုစာအုပ်က ထိကာ၊ တို့ကာ၊ ဆွဲကာ၊ ငင်ကာဖြင့် ဖော်ပြထားပါသေးသည်။

ယင်းစာအုပ်ကို ၁၉၇၅ ခုနှစ်တွင် ပထမအကြိမ် ရိုက်နှိပ်သည်။ ၂၀၀၃ ခုနှစ်တွင် သတ္တမအကြိမ် ရိုက်နှိပ်သည်။ ၂၈ နှစ်အတွင်း ခုနစ်ကြိမ်မြောက်အထိ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ခြင်းကိုကြည့်ပါက ထိုစာအုပ်သည် ဆယ်စုနှစ်သုံးစုအထိ စာရှုသူများကို ဆွဲဆောင်ထားနိုင်သည်ဟု ဆိုရပါလိမ့်မည်။ ထိုသို့စာရှုသူများကို ဆွဲဆောင်မှုရှိသည့်အရာသည် မည်သည့်အရာဖြစ်သည်ကိုတော့ စာအုပ်ကို ကိုယ်တိုင်ဖတ်ရှုခြင်းဖြင့်သာ အတိအကျ သိမြင်နိုင်မည်ဟု ယူဆပါသည်။

စာအုပ်စတင်ထုတ်ဝေချိန် ၁၉၇၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ ဟာရိတ စာအုပ်စင်ကဏ္ဍက စာညွှန်းကလေးကိုလည်း ဖတ်ရှုစေလိုပါသည်။ "ချင်းပြည်နယ် မတူပီမြို့နယ် ဗွေရင်းရွာလေးမှ အညတရ ချင်းအမျိုးသားလေးတစ်ဦးသည် မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အောင်ဆန်းသူရိယဘွဲ့ကို အသက်ရှင်လျက် ရရှိခဲ့ခြင်းမှာ ကြားရသူများအဖို့ မယုံကြည်နိုင်စရာ သတင်းထူး၊ သတင်းဆန်းတစ်ပုဒ် ဖြစ်ကောင်းဖြစ်နေဖွယ်ရာရှိပေသည်။ မြန်မာနိုင်ငံတွင် အောင်ဆန်းသူရိယဘွဲ့ကို ရရှိသူ ခြောက်ဦးရှိသည့်အနက် အသက်ရှင်လျက်ရှိသူ ဗိုလ်ကြီးဟောင်းတိုက်ချွန်းမှအပ ကျန်ငါးဦးစလုံးမှာ တိုက်ပွဲ၌ ကျဆုံးသွားခဲ့ကြသူများဖြစ်သည်။ ဗိုလ်ကြီးဟောင်းတိုက်ချွန်းတစ်ဦးသာလျှင် သေတွင်းချောက်ကမ်းပါးမှ အံ့သြဖွယ်ရာ လွတ်မြောက်လာခဲ့ပြီး သူ၏ ကလေးဘဝ၊ ကျောင်းသားဘဝ၊ ဗြိတိသျှစစ်တပ်၏ စစ်သားဘဝ၊ ဗမာ့တပ်မတော်၏ တပ်မတော်သားဘဝ စသည့် ဘဝအထွေထွေကို ကာယကံရှင်က အိတ်သွန်ဖာမှောက် မခြွင်းမချန် ပြောပြသည့်အတိုင်း တက္ကသိုလ်စိန်တင်က မှတ်တမ်းတင်ထားခြင်းဖြစ်သည်" ဟူ၍ ဖော်ပြခဲ့ဖူးပါသည်။

**နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်ဘွဲ့**

ထူးခြားသည်ကား အောင်ဆန်းသူရိယဟူသည့် စွမ်းရည်ဘွဲ့သည် တိုက်ပွဲတစ်နေရာတွင် ထူးခြားပြောင်မြောက်စွာ အသက်ကိုပဓာနမထားဘဲ တိုက်ရည်ခိုက်ရည်အပြည့်ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပေးအပ်သည့်ဘွဲ့ဖြစ်သည်မှာ အားလုံးအသိပင်ဖြစ်၏။ အခြားအောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခြင်းခံရသူများသည် တိုက်ပွဲတစ်ခုအတွက်သာ ဖြစ်ပင်ဖြစ်ငြား ဗိုလ်တိုက်ချွန်းအတွက်မူကား အင်းစိန်တိုက်ပွဲကာလများအတွင်း ၁၉၄၉ ခုနှစ် မေ ၁၀ ရက်တွင် စော်ဘွားကြီးကုန်း တိုက်ပွဲ၊ ၁၆ ရက်တွင် ဦးစက္ကိန်ကျောင်းတိုက်ပွဲနှင့် ၁၈ ရက်တွင် ရန်သူ့ခံကတုတ်ကို ချေမှုန်းတိုက်ခိုက်သည့်အခြေအနေတို့ အားလုံးတွင် အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ အမြင့်ဆုံး စွမ်းရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခံရခြင်းပင် ဖြစ်ပါသည်။

ကြမ်းတမ်းခက်ခဲလှသည့် ငယ်ဘဝ၊ ပို၍ ပို၍ ကြမ်းတမ်းခက်ခဲလှသည့် စစ်သည်တော်ဘဝကို ဖြတ်သန်းခဲ့ရသည့် ဗိုလ်ကြီးတိုက်ချွန်း၏ စစ်သည်တော်အစကို "ချင်းတောင်တန်းမှသည် အိန္ဒိယပြည်သို့"ဟူသည့် အခန်းတွင် ဖတ်ရှုရသည်။ ဖလမ်းမြို့မှ ကလေးမြို့သို့ ခြေကျင်ခရီး၊ ထိုမှ လှေဖြင့် မုံရွာ၊ ထိုမှ မီးရထားဖြင့် မန္တလေးရွှေမြို့တော်ဆီသို့။ တိုက်ချင်ခိုက်ချင်လွန်းလှသည့် တပ်သားတိုက်ချွန်းအဖို့ ဘင်ခရာတီးဝိုင်း ဘင်သမားဘဝ၊ ဘားမား ရိုင်ဖယ်တပ်ရင်း ၅ မှ တပ်သားတိုက်ချွန်းဘဝတို့ဖြင့် နိပွန်တို့အောင်ပွဲဆက်လာပြီး အင်္ဂလိပ်တပ်များ အိန္ဒိယသို့ ဆုတ်ခွာရချိန်တွင် တပ်သားတိုက်ချွန်း စစ်ပွဲရည်ဝလာခဲ့ပြီ။

**စာမျက်နှာ ၉ သို့** ❄

❋ စာမျက်နှာ ၈ မှ

သို့သော် သေမယ့်နှစ်တွင် စစ်ထဲဝင်ရသည့် တပ်သားလေးအဖို့ အင်္ဂလိပ်တို့ ပြေးကြသည့်အခါ **"ကျွန်တော် ရွာပြန်တော့ ဘာလုပ်မလဲ။ ကျွန်တော့်အဖို့ ရွာမှာ သံယောဇဉ်တွယ်တာစရာ ဘယ်သူရှိလို့လဲ ...ဟယ် ယောကျ်ားဘသား၊ သေမြေကြီး၊ ရှင်ရွှေထီးတဲ့၊ အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယပြည်လိုက်သွားတာက ကျွန်တော့်အဖို့ အဓိပ္ပာယ်ရှိလိမ့်မည်။ ကျွန်တော်သည် ကိုယ်ပိုင်ဉာဏ်တစ်ပဲသားနှင့် ရဲရဲကြီး ဆုံးဖြတ်လိုက်လေသည်"**ဟူ၍ သူ့ဘဝအချိုးအကွေ့ကို စာရေးဆရာက ပုံဖော်ရေးသားထားသည်။

### ပြည်တော်ပြန်

စစ်ဆင်ရေးပညာရပ်အမျိုးမျိုးကို အိန္ဒိယတွင် အပင်ပန်းခံသင်ယူပြီးနောက် စက်မဲ့လေယာဉ်ဂလိုက်ဒါစီးနင်းပြီး အမိမြေသို့ လာရောက်၍ ထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်ရသည်။ လေထီးတပ်သားအဖြစ်လည်း မေမြို့သို့တိတ်တဆိတ်ဆင်းသက်ခဲ့ရသေးသည်။ **"ဂျပန်တွေက မင်းတို့ကိုဖမ်းမိသွားရင် ဘာမေးမေးမပြောနဲ့၊ ဒီဆေးလုံးလေး သုံးလုံးကိုမျိုချလိုက်၊ ချက်ချင်းသေသွားလိမ့်မယ်"** ဟု သူ့တပ်ရင်းမှူးက ဆိုထားသည်ပဲ။ အဆိပ်ဆေးလုံးများကို ကိုယ်နှင့်မကွာထားရင်း လျှို့ဝှက်ထောက်လှမ်းရေးအတတ်ပညာဖြင့် ဂျပန်တို့၏အခြေအနေများကို အောင်မြင်စွာ သတင်းပေးပို့နိုင်ခဲ့သည်။ ဤသို့ဖြင့် အင်္ဂလိပ်စစ်တပ်မှ ချီးမြှင့်သည့် Burma Gallantry Medal (ဘီဂျီအမ်ဘွဲ့) စစ်မှုထမ်းကောင်းတံဆိပ်ကြီး ပိုက်ရင်းရာထူးတိုးသွားခဲ့ပြီဖြစ်သော တပ်ကြပ်ကြီးတိုက်ချွန်း ပြည်တော်ပြန်ခဲ့လေသည်။

ဗမာ့တပ်မတော် ချင်းသနက တပ်ရင်း (၁) သည် တပ်ကြပ်ကြီးတိုက်ချွန်းတို့ တပ်ရင်းဖြစ်ပြီး ပထမဆုံးတာဝန်ကျရာသည် လက်ပံတန်းမြို့၊ ထိုမှသည် ထောက်ကြံ့မြို့နယ် ပေါက်ကုန်းရွာတွင် စခန်းချရသည်။ မှတ်မှတ်ရရထိုနေ့တွင် တပ်ရင်းသို့ ဗိုလ်ချုပ်အောင်ဆန်းလာရောက်မည်ဟု ဒုတပ်ရင်းမှူး ဗိုလ်မှူးကပ်ကျောင်းက တပ်ကြပ်ကြီးကိုခေါ်၍ ပြောသည်။ဗိုလ်ချုပ်လာပါက စနစ်တကျအလေးပြုအောင် ရဲဘော်တွေကို ညွှန်ကြားရမည်။ ခါးပတ်၊ ဖိနပ် စတာတွေ ပြောင်လက်အောင်၊ တပ်ရင်းအဝင်ဝ အမှိုက်တစ်စမျှမရှိအောင် စိတ်ထဲမှ အကွက်ချနေမိသည့် တပ်ကြပ်ကြီးတိုက်ချွန်း။ ထိုစဉ် **"ရဲဘော် .. ရဲဘော်၊ ကျုပ်ဝင်ခဲ့ချင်တယ် .. ကျွန်တော် အတော်ပင် စိတ်ခုသွားသည်။ ဘယ့်နှယ်ဗျာ၊ မြေကြီးမှာ ခြေရာမထင်အောင် လှည်းကျင်းထားသော ဝင်းဝ အလယ်၌ သူကရပ်လို့ ... မလာနဲ့၊ မလာနဲ့ လမ်းဘေးမှာနေပါ"** ဘယ်သူများဖြစ်မလဲဟု စာရှုသူတို့ စိတ်ဝင်စားရော့မည်။ ထိုသူကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်၍နေချေပြီ။ သူချစ်ခင်လေးစားသည့် ဗိုလ်ချုပ်အောင်ဆန်းကို မမြင်ဖူးရှာသည့် တပ်ကြပ်တိုက်ချွန်း၏ ထိုစဉ်က ခံစားချက်ကို စာရေးသူက ပုံဖော်ရေးသားထားသည်။

တပ်ခွဲ(၁) တပ်စုတပ်ကြပ်ကြီး တိုက်ချွန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် မြေပုံမြို့တောင်ဘက်တွင် အလံနီများကို ချေမှုန်းခဲ့စဉ်က တပ်စုများနယ်မြေကင်းလှည့်နေစဉ် တပ်ရင်းအတွင်း လူအင်အား ၄၀ ပင်မပြည့်၊ လက်နက်ကောင်းဆို၍ သုံးလက်မ မော်တာတစ်လက်၊ ဝိုင်ယာလက် စက်တစ်လုံး၊ ရိုင်ဖယ်သေနတ်အနည်းငယ်သာရှိနေချိန် အလံနီတို့ကိုလှမ်း၍ကြည့်စဉ် လူအင်အားမှာ ထောင်နှင့်ချီ၍ရှိမည်ကို မှန်ပြောင်းမှ ဒုဗိုလ်တိုက်ချွန်း မြင်ရသည်။ သူနှင့်အတူ ရဲဘော် ၁၂ ယောက်က လက်များကို အပေါ်သို့မြှောက်ထား၊ ကျန်ရဲဘော်များ မြေကျင်းအတွင်းဝပ်၍ သေနတ်များမောင်းတင်ကာ စောင့်ဆိုင်းနေကြသည်။ အ, လိုက်သည့်ရန်သူတို့။ လက်မြှောက်ထားသူများကို ရှေ့တိုးမလာခိုင်းဘဲ

**တပ်ခွဲ(၁) တပ်စုတပ်ကြပ်ကြီးတိုက်ချွန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် မြေပုံမြို့ တောင်ဘက်တွင် အလံနီများကို ချေမှုန်းခဲ့စဉ်က တပ်စုများနယ်မြေ ကင်းလှည့်နေစဉ် တပ်ရင်းအတွင်း လူအင်အား ၄၀ ပင်မပြည့်၊ လက်နက်ကောင်းဆို၍ သုံးလက်မ မော်တာတစ်လက်၊ ဝိုင်ယာလက် စက်တစ်လုံး၊ ရိုင်ဖယ်သေနတ် အနည်းငယ်သာရှိနေချိန် အလံနီတို့ကို လှမ်း၍ကြည့်စဉ် လူအင်အားမှာ ထောင်နှင့် ချီ၍ရှိမည်ကို မှန်ပြောင်းမှ ဒုဗိုလ်တိုက်ချွန်း မြင်ရသည်။ သူနှင့်အတူ ရဲဘော် ၁၂ ယောက်က လက်များကို အပေါ်သို့မြှောက်ထား၊ ကျန်ရဲဘော်များ မြေကျင်း အတွင်းဝပ်၍ သေနတ်များမောင်းတင်ကာ စောင့်ဆိုင်းနေကြသည်။ အ, လိုက်သည့်ရန်သူတို့။ လက်မြှောက်ထားသူများကို ရှေ့တိုးမလာခိုင်းဘဲ သူတို့က တိုး၍လာကြသည်။ တိုက်ချွန်းအကွက်ထဲ တည့်တည့်ဝင်တိုးကြလေ၏။ ပစ်ကွင်းသေချာချိန် "ဂပ်"ဟု တိုက်ချွန်းအော်၍ မြေကျင်းအတွင်း ထိုင်ချလိုက်လေရာ...။**

သူတို့က တိုး၍လာကြသည်။ တိုက်ချွန်းအကွက်ထဲ တည့်တည့် ဝင်တိုးကြလေ၏။ ပစ်ကွင်းသေချာချိန် "ဂပ်"ဟု တိုက်ချွန်းအော်၍ မြေကျင်းအတွင်း ထိုင်ချလိုက်လေရာ...။

### သေရွာပြန် ကိုသံခဲ

သေနတ်မျိုးစုံ အလက် ၃၀၀ ကျော်၊ ကျဆုံးရန်သူ ၉၀ ကျော်ကိုကြည့်လိုက်၊ တပ်ရင်းက ရဲဘော်တွေ မှဲ့တစ်ပေါက်မစွန်းသည်ကို ကြည့်လိုက်ဖြင့် တပ်မှူးများ အံ့သြကုန်နိုင်ဖွယ်ပင်။ လွတ်လပ်ရေးရတော့ ရန်ကုန်မြို့မှတ်တမ်းရုံးတွင် တပ်ထိန်းတပ်ကြပ်ကြီးဖြစ်လာသည့် တိုက်ချွန်း ရဲဘော်တွေကို ဆိုင်ကယ်စီးသင်ပေးရင်း ဆိုင်ကယ်နှင့် ကားတိုက်မိ၍ ဆေးရုံရောက်၊ အသက်သေပြီအထင်နှင့် ရေခဲတိုက်ထဲပို့၊ ထိုမှသတိရလာ၍ အဝတ်မပါ ဆေးရုံထဲ လျှောက်ပြေးနေသည့်အဖြစ်ကို စာရေးဆရာက ပုံဖော်ရေးသားထားသည်မှာ မပြုံးဘဲ ကရုဏာသက်စရာ။ အားလုံးက သေရွာပြန် ကိုသံခဲ ဟူ၍ ဘွဲ့ပေးကြသည်။ နေကောင်းလာတော့ ဝန်ကြီးချုပ် ဦးနု၏အိမ် လုံခြုံရေးတပ်၏ ချင်းရဲဘော်များတွင် တိုက်ချွန်းလည်း အပါအဝင်ဖြစ်ခဲ့သည်။ စစ်သားဘဝစုံလှသည့် ချင်းရဲဘော်..။

ဗိုလ်တိုက်ချွန်း၏ဘဝဖြစ်စဉ်ကို ရေးသားထားသော်လည်း မြန်မာ့နိုင်ငံရေးသမိုင်းကို အထိုက်အလျောက်အားဖြည့်ပေးခဲ့သည့် ထိုစာအုပ်အတွင်း ၁၉၄၉ခုနှစ် အင်းစိန်ပတ်ဝန်းကျင်တိုက်ပွဲများအကြောင်းကိုလည်း အသေးစိတ်ဖတ်ရှုရမည်ဖြစ်ပါသည်။ ရန်သူတို့ အခိုင်အမာတပ်စွဲထားသည့် ဦးစက္ကိန်ကျောင်းသည် မြေပြင်အနေအထားအရ တပ်မတော်က တိုက်ခိုက်သိမ်းယူရန် အတော်ပင် ခက်ခဲလှသည့် အနေအထားဖြစ်၍ ပြောက်ကျားနည်းဖြင့်ဝင်တိုက်ရန် ဗိုလ်တိုက်ချွန်းအား တာဝန်ပေးအပ်သည်။

"၎င်းတွင် စတင်းဂန်း သေနတ်တစ်လက်နှင့် လက်ပစ်ဗုံး နှစ်လုံး၊ ခြောက်လုံးပြူးတစ်လက်ပါ၏။ စတင်းဂန်းသေနတ်တွင် ကျည် ၂၈ တောင့်ဝင် ကျည်ကပ် ငါးကပ်ပါသည်။ ဝပ်၍အသံမကြားအောင် တက်လာသည့် ဗိုလ်တိုက်ချွန်းတို့ ပြောက်ကျားရဲဘော် ငါးဦးသည် ဘုန်းကြီးကျောင်းအနောက်စည်းရိုးကိုကျော်၍ တစ်ရှိန်ထိုးပြေးဝင်၊ အဆက်မပြတ် ပစ်ခတ်ကြလေတော့သည်။ အငိုက်မိခံလိုက်ရသည့် ရန်သူတို့ပါတကား။ ရန်သူတို့ ဆုတ်ခွာသွားသည့် အထိမ်းအမှတ် မီးကျီအနီသည် ကောင်းကင်ထက်သို့ ထိုး၍တက်သွားလေပြီ။ ထိုမီးကျည်သည် ရန်သူတို့ ဆုတ်ခွာသွားရာ လမ်းကြောင်းကိုပြသော မီးကျည်ပင် ဖြစ်ပါသည်။ ဤကား ဗိုလ်တိုက်ချွန်း၏ အသက်ကို လောင်းကြေးထပ်ကာ ကာလအတော်ကြာ တပ်စွဲထားသည့် ဦးစက္ကိန်ကျောင်းကို သိမ်းပိုက်ရခြင်းပင် ဖြစ်သည်။

ဦးစက္ကိန်ကျောင်းကို ဆုံးရှုံးလိုက်ရသည့် ရန်သူများက ဝေးဝေးမသွား အင်းစိန်အတွင်းမှာပင် နေရာယူကာ တပ်စွဲ ခုခံနေကြတော့သည်။ ထို့ကြောင့် ရက်ပိုင်းအတွင်း ဗိုလ်တိုက်ချွန်းအတွက် နောက်ထပ်ပြောက်ကျားနည်းဗျူဟာကို အသုံးချရတော့သည်။ "ရန်သူအိပ်မောကျချိန် ညဉ့်တစ်နာရီတိတိတွင် ကျွန်တော်နှင့် ရဲဘော်ငါးယောက်တို့သည် လက်နက်အစုံအညီနှင့် ရန်သူ၏ သံဆူးကြိုးကာခံကတုတ်သို့ ချဉ်းကပ်သွားကြသည်။ သံဆူးကြိုးတို့ကိုဖြတ်တောက်၍ အတွင်းရောက်သည်နှင့် တစ်ပြိုင်နက် စတင်းဂန်းများဖြင့် တရကြမ်းပစ်၏။ ဦးစက္ကိန်ကျောင်းနှင့် မနီးမဝေးတွင် ရက်အတော်ကြာမျှ ခံနေသည့် ရန်သူ့ခံကတုတ်များလည်း သည်နည်းဖြင့် နိဂုံးချုပ်ခဲ့တော့သည်။ ဤသည်ကား အောင်ဆန်းသူရိယဟူသည့် စွမ်းရည်ဘွဲ့ကို ဗိုလ်တိုက်ချွန်း ထိုက်ထိုက်တန်တန်ရရှိဖို့ ဖြစ်လာတော့သည်။

ဆက်လက်၍လည်း အောင်ဆန်းမြို့ စွပ်ကျယ်စက်ရုံကို ကေအင်န်ဒီအိုတို့ သိမ်းပိုက်ထားချိန် ဗိုလ်တိုက်ချွန်းနှင့် တပ်ကြပ်ကြီး ရွှန်လင်းတို့ ဂျစ်ကားဖြင့် ခံတပ်ကို ဖြိုကြသည်။ ဗိုလ်တိုက်ချွန်း မိုင်ကုန်ဖွင့်၍ မောင်းနှင်လာသည့် ဂျစ်ကားက ခံတပ်တံခါးကို ခပ်ကြမ်းကြမ်း ဝင်ဆောင့်သည်။ ဆယ်ကြိမ်မကလုပ်တော့ သံတံခါးကြီးကျိုးပဲ့ပွင့်တော့ရာ ဂျစ်ကားမောင်းဝင်သွားခဲ့ပြီး မြင်မြင်သမျှ စတင်းဂန်းနှင့် မိတ်ဆက်ပေးတော့သည့် ဗိုလ်တိုက်ချွန်းပဲ ဖြစ်ပါလေတော့၏။ တိုက်ပွဲတိုင်းတွင် ဗိုလ်တိုက်ချွန်း၏ အယူအဆတစ်ရပ်ရှိသည်။ **"စစ်တိုက်သည်ဆိုရာ၌ လက်ထဲက သေနတ်တွေကသာ အဆုံးအဖြတ်ပေးသည်မဟုတ်။ 'သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း၊ ချွန်းကဲ့သို့အုပ်'တဲ့ ဆိုရိုးစကားရှိသည် မဟုတ်လား၊ အသိနှင့် ဉာဏ်သွားသူ၏ အင်အားသည်ကား စစ်ပွဲတစ်ပွဲကို အဆုံးအဖြတ်ပေးမည်ဖြစ်လေသည်"**ဟူ၍ သူက ယူဆထားခဲ့သည်ကိုလည်း ယင်းစာအုပ်တွင် ဖတ်ရှုခွင့်ရရှိမည်ဖြစ်ပါသည်။

သူ၏ ရဲစွမ်းသတ္တိရှိပုံ၊ အခြေအနေအပေါ် သုံးသပ်ဆင်ခြင်၍ တာဝန်ထမ်းဆောင်တတ်ပုံကို "မော်တာကျည်ဆန်မှ မီးခိုးတွေထွက်နေ၏။ သည်ဖြစ်ရပ်ကိုမြင်တော့ ရဲဘော်တွေက ရုတ်တရက် ကြောင်ပြီးထွက်ပြေးကြ၏။ ထို့ကြောင့် မော်တာကျည်ဆန်ရှိရာသို့ ပြေးသွားပြီး အမြန်ဆုံးကောက်ယူ၍ ရေထဲသို့ တအားလွှဲပစ်လိုက်သည်။ ရေထဲမှ ရေပန်းရေပွင့်တွေ ကောင်းကင်သို့ ပျံတက်လာသည်။ ခဏအကြာတွင် ရေငြိမ်သွားတော့ မော်တာကျည်ဆန်မှန်သော ငါးကြင်းလေး ငါးကောင် ပေါ်လာ၏.." ဟူ၍ စာရေးသူက ဖွဲ့ဆိုထားသည်။

### အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်

၁၉၅၀ပြည့်နှစ် လွတ်လပ်ရေးနေ့မတိုင်မီ တစ်ရက်အလိုတွင် "တပ်ရင်းဝင်းအတွင်း တန်းစီ၊ နိုင်ငံတော်ကို အလေးပြုပြီးချိန် တပ်ရင်းမှူးက အမိန့်ကြေညာစာတစ်စောင် ဖတ်ပြသည်။ **"ချင်းသနက (၁) တပ်ခွဲ (၃)မှ ဒုဗိုလ်တိုက်ချွန်းအားသူ၏ စစ်မှုထမ်းဆောင်မှုတွင် သူရသတ္တိစွမ်းရည်ထူးချွန်ခြင်းအတွက် အောင်ဆန်းသူရိယဘွဲ့ကို နိုင်ငံတော် သမ္မတကြီးက ချီးမြှင့်လိုက်သည်"...တဲ့၊ ပျော်လိုက်သည်မှာ ရေးပြလို့မကုန်နိုင်ပြီ"**ဟု ဖော်ပြထားသည်။ ဒုဗိုလ်တိုက်ချွန်းအတွက်တင်သာမက တပ်ခွဲအတွက်၊ တပ်ရင်းအတွက်၊ ချင်းလူမျိုးတွေအတွက်၊ ဗမာ့တပ်မတော်ကြီးအတွက်၊ မြန်မာနိုင်ငံတော်ကြီးအတွက် ဂုဏ်ယူရမည်မဟုတ်ပါလား။

ထိုစာအုပ်သည် ဗိုလ်ကြီးတိုက်ချွန်း၏ ငယ်ဘဝ၊တပ်မတော်သားဘဝ၊ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်းဘဝတို့ကိုသာ ပုံဖော်ထားသည့် စာအုပ်မဟုတ်။ **စာမျက်နှာ ၁၀ သို့ ❋**

**ထိုစာအုပ်သည် ဗိုလ်ကြီးတိုက်ချွန်း၏ ငယ်ဘဝ၊ တပ်မတော်သားဘဝ၊ ဗိုလ်ကြီး အောင်ဆန်းသူရိယ တိုက်ချွန်းဘဝတို့ကိုသာ ပုံဖော်ထားသည့်စာအုပ်မဟုတ်။ ထပ်မံရရှိသည့် သူရဘွဲ့အကြောင်း၊ စွမ်းရည်ဘွဲ့ရ သူရဲကောင်းတပ်သားကြီး၏ နောက်ဆက်တွဲအချစ်ရေး၊ မိသားစုအရေးတို့ကိုလည်း တစ်ဖွဲ့တစ်နွဲ့ ဖော်ထုတ်ထားသည်ကို မြင်တွေ့ရသည်။ ချင်းအမျိုးသမီးကို အိမ်ထောင်ပြုရန် ရွှေတိဂုံဘုရားမှ ဝယ်ယူသွားသည့် မောင်း ၁၀ လုံးအကြောင်း၊ ရှမ်းပြည်နယ်အတွင်း တာဝန်ကျစဉ် ဒုတိယအိမ်ထောင်အဖြစ် နဖူးစာပါခဲ့သည့် ရှမ်းအမျိုးသမီးငယ်တို့ ဇာတ်ကြောင်းမှာ စာဖတ်သူတို့အတွက် တိုက်ပွဲများအတွင်း ပစ်သံခတ်သံများအပြီး စာအုပ်အတွင်း ဆွဲဆောင်မှုရှိအောင် ခေါ်ဆောင်သွားသည့် အရာများပင်ဖြစ်။**

# သတင်းထုတ်ပြန်ချက်

၂၀-၄-၂၀၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) ၏ Management Meeting ၌ မြန်မာနိုင်ငံအား United Nations Development Programme (UNDP)၊ United Nations Population Fund (UNFPA) နှင့် United Nations Office for Project Services (UNOPS) အမှုဆောင်ဘုတ်အဖွဲ့ဝင်ရာထူး (၂၀၂၂-၂၀၂၄ ခုနှစ်) သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့် ကိစ္စနှင့်ပတ်သက်၍ မတရားအသင်းအဖြစ် ကြေညာထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ နိုင်ငံခြားရေးဝန်ကြီးဌာနအမည်ဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်းနှင့် မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားသူ ဦးကျော်မိုးထွန်းမှ မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၏ Facebook စာမျက်နှာ၌ ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) နှင့် ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းသတ်မှတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၂၁) ဖြင့် ၂၁-၃-၂၀၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) နှင့် ယင်းအဖွဲ့တွင် ပါဝင်သူများသည် မတရားအသင်းနှင့် မတရားအသင်းဝင်များဖြစ်ကြောင်း ၂၀-၄-၂၀၂၁ ရက်တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ဟောင်းဖြစ်သူ ဦးကျော်မိုးထွန်းအား ၂၇-၂-၂၀၂၁ ရက် နံနက်ပိုင်းမှစ၍ ရာထူးမှထုတ်ပယ်ခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆိုထားပါသည်။

သို့ပါ၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ဦးကျော်မိုးထွန်းအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်တံဆိပ်နှင့် အမြဲတမ်းကိုယ်စားလှယ် ရာထူးအမည်ကို အသုံးပြု၍ ကြေညာချက်များ ထုတ်ပြန်ခြင်း၊ နယူးယောက်မြို့၊ မြန်မာအဖွဲ့ရုံး၏ Facebook စာမျက်နှာတွင် ကြေညာချက်များ ထုတ်ပြန်ခြင်းများသည် မြန်မာနိုင်ငံ၊ အစိုးရနှင့် ပြည်သူများအား ကိုယ်စားပြုမှု၊ တရားဝင်မှု မရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) အောက်ရှိ UNDP၊ UNFPA နှင့် UNOPS အမှုဆောင်ဘုတ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံရန် ၁၈-၇-၂၀၁၇ ရက်တွင် အာရှ-ပစိဖိတ်ဒေသအုပ်စုအတွင်း လုပ်ရိုးလုပ်စဉ်အရ အမည်စာရင်း တင်သွင်းခဲ့ပြီး ၂၈-၁-၂၀၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ဒေသ အစည်းအဝေး၌ မြန်မာနိုင်ငံအား ယင်းရာထူး၌ အတည်ပြုခဲ့ပြီး မဲခွဲရန် လိုအပ်ခြင်းမရှိဘဲ ရွေးကောက်ခံခဲ့ရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် UNDP၊ UNFPA နှင့် UNOPS အမှုဆောင် ဘုတ်အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများကို သတ်မှတ်သက်တမ်းအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်**

## တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေးတို့ကို ဆွေးနွေးပေးစေလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ထားရှိရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရာတွင် ဆရာ ဆရာမများက အဓိကကျကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အဆင့်ဆင့်စစ်ဆေးဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များအား ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



✳ စာမျက်နှာ ၉ မှ

ထပ်မံရရှိသည့် သူရဘွဲ့အကြောင်း၊ စွမ်းရည်ဘွဲ့ရ သူရဲကောင်းတပ်သားကြီး၏ နောက်ဆက်တွဲ အချစ်ရေး၊ မိသားစုအရေးတို့ကိုလည်း တစ်ဖွဲ့တစ်နွဲ့ ဖော်ထုတ်ထားသည်ကို မြင်တွေ့ရသည်။ ချင်းအမျိုးသမီးကို အိမ်ထောင်ပြုရန် ရွှေတိဂုံဘုရားမှ ဝယ်ယူသွားသည့် မောင်း ၁၀ လုံး အကြောင်း၊ ရှမ်းပြည်နယ်အတွင်း တာဝန်ကျစဉ် ဒုတိယအိမ်ထောင်အဖြစ် နဖူးစာပါခဲ့သည့် ရှမ်းအမျိုးသမီးငယ်တို့ ဇာတ်ကြောင်းမှာ စာဖတ်သူတို့အတွက် တိုက်ပွဲများအတွင်း ပစ်သံခတ်သံများအပြီး စာအုပ်အတွင်း ဆွဲဆောင်မှုရှိအောင် ခေါ်ဆောင်သွားသည့် အရာများပင်ဖြစ်ပါသည်။

ဇနီးနှစ်ဦး၊ သားသမီး တစ်ဒါဇင်မကသည့် ဗိုလ်တိုက်ချွန်းတို့၏ ရိုးသားဖြူစင်သည့် မိသားစုဘဝကိုလည်း စာအုပ်အတွင်း စာရေးသူက မပျက်မကွက် ပုံဖော်ထားပါသေးသည်။ တပ်မတော်သားဘဝဖြင့် မြန်မာနိုင်ငံအနှံ့တာဝန်ထမ်းဆောင်ရင်း၊ တိုက်ပွဲတိုင်း ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ရင်း တာဝန်ကျေပွန်ခဲ့သူ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်းမှာ ၁၉၆၂ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူရန် ၁၉၆၀ပြည့်နှစ်တွင် စာတင်ခဲ့ချိန်၌ ဗိုလ်တိုက်ချွန်းမှာ ၃၇ နှစ်သာရှိသေးသည်။ သို့သော် စစ်မှုထမ်းသက်ဖြင့်ဆိုလျှင် နှစ် ၂၀ ရှိခဲ့ပြီဖြစ်သည်။

### တပ်မတော်သားဘဝကို ဖွဲ့ဆို

"တပ်မတော်မှာ ကျွန်တော်အလွန်ပျော်ပါသည်။ မပျော်မရှိ၊ တပ်မတော်ဆိုသည်မှာ စစ်သားတွေ စုဝေးထားသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ စားသတိ၊ သွားသတိ၊ နေသတိ၊ အိပ်သတိဖြင့် သတိလေးပါးကို အရင်းခံ၍ စစ်စည်းကမ်းတွေ တစ်ထမ်းတစ်ရွက်ဖြင့် စနစ်တကျ နေထိုင်သော ကာကွယ်ရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ သည်တော့စည်းကမ်းတကျ နေထိုင်သွားလာလိုသော ကျွန်တော့်အဖို့ မပျော်စရာအကြောင်း ဘာမျှမရှိ၊ ပျော်ခဲ့ပါဘိ"ဟု တပ်မတော်သားဘဝကို ဖွဲ့ဆိုထားသည်။

သူအနားယူခဲ့သည်။ ပဲဟင်းစားရင်း၊ ကင်းစောင့်ရင်း၊ သက်စွန့်ဆံဖျား မရပ်မနား စစ်တိုက်ရင်း ကုန်လွန်ခဲ့သည်မှာ အနှစ် ၂၀။ လူမပန်းသော်လည်း စိတ်ပင်ပန်းလှပုံရသည်။ ချင်းတောင်တန်းသို့ မိသားစု ပြန်ကြလေတော့သည်။ တပ်မတော်လူထွက်တစ်ဦး တောင်ပေါ်သားတစ်ဦး သားသမီးတို့၏ ဖခင်၊ ကျန်နေသေးသည့် တစ်ဦးတည်းသော အမေဖြစ်သူအတွက် ဗိုလ်တိုက်ချွန်း ပြည်တော်ပြန်ပြီ။ ချစ်ဇနီးတို့ကိုယ်တိုင်ဂျပ်ခုတ် ရက်လုပ်ပေးသည့် ဖျင်အင်္ကျီကိုဝတ်၍ ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ၊ စိတ်တိုင်းကျဆောက်လုပ်ထားသည့် သစ်သားအိမ်တို့သည် သူ့အတွက် နောက်ထပ်တောင်းဆိုစရာမလိုလောက်အောင် လုံလောက်နေခဲ့ပြီ။ သူရရှိသည့် စွမ်းရည်ဘွဲ့များအတွက် ချီးမြှင့်ငွေများက သူ့ကလေးများ ပညာသင်ဖို့အတွက် သူရည်စူးခဲ့သည်။

### သူရဲကောင်းတို့မည်သည်

ယခုအချိန်တွင်မူကား သေရွာပြန် ကိုသံခဲဟု အမည်တွင်ခဲ့ဖူးသည့် အောင်ဆန်းသူရိယ၊ သူရဘွဲ့ တံဆိပ်များရှင် ဗိုလ်ကြီးတိုက်ချွန်းလည်း ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ သို့သော် သူ၏အတ္ထုပ္ပတ္တိစာအုပ်မှာမူကား အကြိမ်ပေါင်းများစွာ ထပ်မံရိုက်နှိပ်ရဆဲ၊ ပြည်သူများက ဖတ်ရှုနေကြဆဲပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ သူရဲကောင်းတို့မည်သည် လူသာသေဆုံးသွားမည်၊ အမည်ကားဘယ်တော့မှမသေ၊ ပြည်သူများ၏ ရင်ထဲဝယ် မမေ့နိုင်သည့် တပ်မတော်သားကြီးဖြစ်၍ပင်။ စာရှုသူများအဖို့ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်းစာအုပ်သည် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်နှင့် ရသမျိုးစုံပါဝင်သည့် ဟင်းလေးအိုးကြီး သဖွယ် ပေးစွမ်းနိုင်မည်ဟု ညွှန်းဆိုလိုက်ရပါတော့သည်။ ။

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး/သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂)သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှုကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာ ဆောင်ရွက်မှုအားနည်းခြင်းစသည်တို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ(၁၅)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ စုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင်ကူးစက်ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုသို့ကူးစက်မှုများ အတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါရောဂါဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူ ဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁)ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်း အဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦးရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများကို “ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ” ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်လုပ်ကိုင်ပါ။
(၃) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျဆေးကြောပါ။
(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။
(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံးစသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။
(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။
(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။
(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။
(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် ဧပြီ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၅၅၃၅၃ ဦး၊ အတွင်းလူနာ ၄၂၂၀ ကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၇၂၈၅ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၇၅၃ ဦး စုစုပေါင်း ၁၁၁၃၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၃၈၂၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ၅၉၂၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၇၄၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၆၀၈၂၃၅ | ၂၅၁၇၇၄၉၈ | ၅၈၃၄၂၇ |
| ၂။ | အိန္ဒိယ | ၁၆၀၀၃၈၂၀ | ၁၃၄၇၃၈၆၀ | ၁၈၄၉၈၆ |
| ၃။ | ဘရာဇီး | ၁၄၁၂၂၇၉၅ | ၁၂၆၄၆၁၃၂ | ၃၈၁၆၈၇ |
| ၄။ | ပြင်သစ် | ၅၃၇၄၂၈၈ | ၄၂၁၈၂၉၄ | ၁၀၁၈၈၁ |
| ၅။ | ရုရှား | ၄၇၃၆၁၂၁ | ၄၃၆၁၈၀၇ | ၁၀၇၁၀၃ |
| ၆။ | တူရကီ | ၄၄၄၆၅၉၁ | ၃၈၄၄၃၄၂ | ၃၆၉၇၅ |
| ၇။ | ဗြိတိန် | ၄၃၉၅၇၀၃ | ၄၁၆၆၇၃၄ | ၁၂၇၃၂၇ |
| ၈။ | အီတလီ | ၃၉၀၄၈၉၉ | ၃၃၁၁၂၆၇ | ၁၁၇၉၉၇ |
| ၉။ | စပိန် | ၃၄၄၆၀၇၂ | ၃၁၅၁၅၈၇ | ၇၇၃၆၄ |
| ၁၀။ | ဂျာမနီ | ၃၂၂၇၄၁၄ | ၂၈၄၅၃၀၀ | ၈၁၆၀၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၂၆၈၁၂ | ၁၄၈၁၄၄၉ | ၄၄၁၇၂ |
| ၂။ | ဖိလစ်ပိုင် | ၉၇၁၀၄၉ | ၈၄၆၆၉၁ | ၁၆၃၇၀ |
| ၃။ | မလေးရှား | ၃၈၄၆၈၈ | ၃၆၁၂၆၇ | ၁၄၀၇ |
| ၄။ | မြန်မာ | ၁၄၂၆၈၉ | ၁၃၁၉၂၁ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၉၀၄ | ၆၀၅၇၆ | ၃၀ |
| ၆။ | ထိုင်း | ၄၈၁၁၃ | ၂၉၈၄၈ | ၁၁၇ |
| ၇။ | ကမ္ဘောဒီးယား | ၈၁၉၃ | ၂၉၂၄ | ၅၉ |
| ၈။ | ဗီယက်နမ် | ၂၈၁၆ | ၂၄၉၀ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |
| ၁၀။ | လာအို | ၉၄ | ၄၉ | ၀ |


# အမေရိကန်အာကာသအေဂျင်စီ နာဆာက အင်္ဂါဂြိုဟ်ပေါ်တွင် အောက်ဆီဂျင်ဓာတ်ငွေ့ စမ်းသပ်ထုတ်လုပ်မှုအောင်မြင်

**ဝါရှင်တန် မေ ၂၂**

အမေရိကန်အာကာသအေဂျင်စီ နာဆာက အင်္ဂါဂြိုဟ်ပေါ်တွင် အောက်ဆီဂျင်ဓာတ်ငွေ့ စမ်းသပ်ထုတ်လုပ်မှုအောင်မြင်ခဲ့ကြောင်း ယနေ့ ပြောကြားခဲ့သည်။

အင်္ဂါဂြိုဟ်ပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်မှ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုသည် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများ စူးစမ်းလေ့လာနိုင်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ဆိုသည်။

နာဆာအဖွဲ့မှ စူးစမ်းလေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်များ ပြည့်နက်နေသည့် လေထုမှ အောက်ဆီဂျင် ၅ ဒသမ ၄ ဂရမ်အား ၎င်း၏ ကိရိယာတစ်ခုကို အသုံးပြုကာ သုံးနာရီကြာ စစ်ထုတ်ယူနိုင်ခဲ့ကြောင်း နာဆာအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ အောက်ဆီဂျင်ပမာဏသည် အာကာသယာဉ်မှူးတစ်ယောက်အတွက် ၁၀ မိနစ်ခန့် အသက်ရှူနိုင်မည့် ပမာဏနှင့် ညီမျှမှုရှိကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။



အင်္ဂါဂြိုဟ်ပေါ်ရှိ လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုက် ၉၆ ရာခိုင်နှုန်း ပါဝင်သည်။ နာဆာ စူးစမ်းလေ့လာရေးယာဉ်သည် ၎င်း၏ ကိရိယာတစ်ခုကို အသုံးပြုကာ လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို အပူချိန် ၈၀၀ ဒီဂရီစင်တီဂရိတ် အပူပေးကာ အောက်ဆီဂျင်နှင့် ကာဗွန်မိုနောက်ဆိုက်တို့ကို ပြန်လည်ခွဲခြမ်းစိတ်ဖြာ စစ်ယူနိုင်ခြင်းဖြစ်သည်။

နာဆာအေဂျင်စီ၏ လေ့လာမှုစစ်တမ်းအရ အင်္ဂါဂြိုဟ်ပေါ်မှ ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လာမည့် အာကာသယာဉ်မှူးများသည် ဒုံးပျံယာဉ်သုံးလောင်စာဆီ ခုနစ်တန်နှင့် အောက်ဆီဂျင် ၂၅ တန်တို့ကို လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အင်္ဂါဂြိုဟ်ပေါ်တွင် အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်လုပ်နိုင်ခြင်းသည် ကမ္ဘာမြေပြင်မှ အောက်ဆီဂျင်ပေးပို့ခြင်းထက် ငွေကြေးကုန်ကျမှု ပိုမိုသက်သာစေမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ဆိုသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၇၆၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၂၂**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၆၇ ဦး ထပ်မံတွေ့ရှိရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၇၁၀၄၉ ဦးအထိ မြင့်တက်လာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ အဆိုပါရောဂါကြောင့် ၁၀၅ ဦး ထပ်မံသေဆုံးရာ သေဆုံးသူပေါင်း ၁၆၃၇၀ ရှိလာသည်။

လူဦးရေ ၁၄ သန်းနီးပါးနေထိုင်သည့် မနီလာမြို့ပြဒေသသည် ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ဆိုးရွားစွာ ကူးစက်ပျံ့နှံ့လျက်ရှိသည့်ဒေသဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၁၀ ဒသမ ၅ သန်းအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၇၂ ဦးရှိ

**ရီယိုဒီဂျနေးရိုး မေ ၂၂**

ဘရာဇီးနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၇၂ ဦးရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၁၄၇၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်သူ ၇၉၇၁၉ ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါကူးစက်ခံရသူ ၁၄၁၂၂၇၉၅ ဦးရှိလာသည်။ တောင်အမေရိကဒေသနိုင်ငံတစ်ခုဖြစ်သော ဘရာဇီးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူနှင့် သေဆုံးသူအရေအတွက် များပြားလာပြီး နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ထိခိုက်စေခြင်းများဖြစ်လာသည်။

လူဦးရေများပြားသော ဆော်ပေါ်လိုပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၈၆၄၈၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၉၀၆၂၇ ဦးရှိကာ ရီယိုဒီဂျနေးရိုးပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက် ခံရသူ ၇၁၂၅၂၅ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၄၂၁၁၀ ရှိသည်။ နိုင်ငံအတွင်း လူတစ်သိန်းလျှင် ၁၈၂ ဦးကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးပြီး ရောဂါကူးစက်ခံရသူ အရေအတွက်မှာ လူတစ်သိန်းလျှင် ၆၇၂၀ ရှိသည်။ လွန်ခဲ့သော သီတင်းတစ်ပတ်တာကာလအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါပျမ်းမျှကူးစက်ခံရသူအရေအတွက်မှာ ၆၄၁၈၄ ဦးရှိပြီး နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် ပျမ်းမျှသေဆုံးသူအရေအတွက်မှာ ၂၇၇၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



## Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အီဂျစ်နိုင်ငံ၌ ပူးပေါင်းထုတ်လုပ်မည်

**ကိုင်ရို မေ ၂၂**

တရုတ်ဆေးဝါးကုမ္ပဏီ Sinovac နှင့် အီဂျစ်ဇီဝထုတ်ကုန်နှင့် ကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီ (VACSERA)တို့က အီဂျစ်နိုင်ငံ၌ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထုတ်လုပ်ဖြန့်ဖြူးသွားရန် ယနေ့သဘောတူညီခဲ့ကြသည်။

အီဂျစ်နိုင်ငံအတွင်း၌ ကိုဗစ်ကာကွယ်ဆေးထုတ်လုပ်မည့် အဆိုပါသဘောတူညီမှုကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ မတ်ဘော်လီက ပြောကြားခဲ့သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အီဂျစ်နိုင်ငံအတွင်း၌ ပူးပေါင်းထုတ်လုပ်ခြင်းသည် ကိုဗစ်-၁၉ ရောဂါကို နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်သည့် သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်းနှင့် အာဖရိကအပါအဝင် အရှေ့အလယ်ပိုင်းဒေသနှင့် အီဂျစ်နိုင်ငံတို့၌ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် ယခုသဘောတူညီခဲ့သည့် ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဖြူးမှုသည် အလွန်ပင်အရေးပါမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး လီယို လီကျန်းက ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလနှောင်းပိုင်းတွင် စတင်ခဲ့ပြီး အီဂျစ်ဆေးဝါးအာဏာပိုင်များက ပထမဆုံးခွင့်ပြုခဲ့သည့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ကို အသုံးပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၈၉၀၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၂၈၆၆ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၁၆၄၈၀၃ ဦးရှိကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးကို သီရိလင်္ကာနိုင်ငံ၌ ဆက်လက်သုံးစွဲသွားမည်

**ကိုလံဘို မေ ၂၂**

သီရိလင်္ကာအစိုးရအနေဖြင့် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်း သုံးစွဲမှုရပ်ဆိုင်းသွားမည် မဟုတ်သော်လည်း အဆိုပါကာကွယ်ဆေးထိုးနှံပြီးနောက် ဘေးထွက်ဆိုးကျိုးများဖြစ်လာသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး လေ့လာမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သီရိလင်္ကာ ကျန်းမာရေးဝန်ကြီး ပါဗီသရာ ဝမ်နီရက်ချီက ပြောကြားသည်။

အစိုးရအနေဖြင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး AstraZeneca ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးများနှင့်ပတ်သက်ပြီး လေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ယနေ့ ပြောကြားသည်။

AstraZeneca ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုးများနှင့်ပတ်သက်ပြီး နိုင်ငံသားများအား အသိပညာပေးနိုင်ရန် ၂၄ နာရီ ဖြေကြားသော ဖုန်းလိုင်းတစ်ခုကို ဖွင့်လှစ်ထားမည်ဖြစ်ပြီး ဆေးဘက်ဆိုင်ရာ အထူးအဖွဲ့ကိုလည်း ကိုလံဘိုမြို့ရှိ သီရိလင်္ကာအမျိုးသားဆေးရုံတွင် ထားရှိကာ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးစီးသူ နိုင်ငံသားများအနေ ဖြင့် ဦးခေါင်းကိုက်ခဲခြင်း၊ လည်ချောင်းနာခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ အခြေအနေများဖြစ်လာပါက ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ၎င်းက ပြောကြားသည်။

AstraZeneca ကာကွယ်ဆေးထိုးနှံပြီးနောက် သွေးခဲသည့် ပြဿနာနှင့် ကာကွယ်ဆေးထိုးနှံမှုတို့အကြား တိုက်ရိုက်ဆက်စပ်မှုမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကော်မတီက တွေ့ရှိခဲ့သည်ဟု ဝန်ကြီး ပါဗီသရာ ဝမ်နီရက်ချီက ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ နိုင်ငံသားများအား မေလ ပထမပတ်တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သန်း ၂၀၀ ကျော်လွန်ပြီဖြစ်

**ဝါရှင်တန် မေ ၂၂**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သန်း ၂၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်းနှင့် အဆိုပါ အရေအတွက်သည် ၎င်းမျှော်မှန်းထားသည့် အရေအတွက်ကို ပြည့်မီသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။

သမ္မတရာထူးအာဏာများ စတင်ထမ်းဆောင်သည့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ပြည်သူ သန်း၂၀၀ အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရမည်ဟု ဂျိုးဘိုင်ဒင်က ကတိပြုပြောကြားသည်။ အဆိုပါ သတ်မှတ်ရက်သည် မေ ၂၉ ရက်တွင် ပြည့်မည်ဖြစ်သော်လည်း မေ ၂၁ ရက်တွင် မျှော်မှန်းထားသည့် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ အရေအတွက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၈၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၅၁ ဒသမ ၅ ရာခိုင်နှုန်းတို့သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အမေရိကန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံမှုခံယူရန်အတွက် ခွင့်ပြုပေး



သည့် စီးပွားရေးလုပ်ငန်းများကိုလည်း သမ္မတ ဂျိုးဘိုင်ဒင်က အခွန်အခ လျှော့ပေါ့ကောက်ခံရန် ညွှန်ကြားခဲ့သည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများသည် အခွန်အခလျှော့ပေါ့ကောက်ခံမှုကို စက်တင်ဘာလအစော ပိုင်းအထိ အကျိုးခံစားနိုင်မည်ဖြစ်သည်။

ထို့ပြင် သမ္မတ ဂျိုးဘိုင်ဒင်က ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ဆက်လက်လိုက်နာကြရန် ပြည်သူများကို တိုက်တွန်းပြောကြားသည်။

အခုအချိန်မှာ “ကျွန်တော်တို့အနေနဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းတွေကို လျစ်လျူရှုလိုက်မယ်ဆိုရင် ကျွန်တော်တို့ရရှိထားတဲ့ တိုးတက်မှုတွေကို ဗိုင်းရပ်စ်က ဖျက်ဆီးလိုက်မှာပဲ”ဟု သမ္မတဂျိုးဘိုင်ဒင်က ပြောကြားသည်။

လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံတစ်ဝန်းသို့ ကာကွယ်ဆေး အလုံးရေ ၂၇၇ သန်းကျော် ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်းနှင့် ကာကွယ်ဆေးအလုံးရေ၂၁၅ သန်းခန့် ထိုးနှံပေးပြီးဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၈၇ သန်းရှိပြီး အဆိုပါအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၂၆ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၉၃ ဦးရှိလာ

**ဖနောင်ပင် မေ ၂၂**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၆ ဦးထပ်မံတွေ့ရှိရာ နိုင်ငံတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၁၉၃ ဦးရှိပြီဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

ထို့အပြင် အဆိုပါရောဂါကြောင့် လူနာငါးဦး ထပ်မံသေဆုံးရာ သေဆုံးသူပေါင်း ၅၉ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၁၃၀ ကျန်းမာရေးပြန်လည်ကောင်းမွန်လာရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၂၉၂၄ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အသစ်ထပ်မံတွေ့ရှိသည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၃၃၁ ဦးသည် မြို့တော်ဖနောင်ပင်မှ ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ဖေဖော်ဝါရီ ၂၀ ရက်မှစပြီး ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း စတင်ကူးစက်ပျံ့နှံ့လျက်ရှိသည်။

ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် မေ ၆ ရက်မှ မေ ၂၈ ရက်အတွင်း ပြည်နယ်အချင်းချင်း အသွားအလာကန့်သတ်ပိတ်ပင်မှုများ ချမှတ်ခဲ့သည်။ ထို့အပြင် စာသင်ကျောင်းများ၊ အပန်းဖြေစခန်းများ၊ အားကစားရုံများ၊ ပြတိုက်များ၊ ရုပ်ရှင်ရုံများ၊ ဖျော်ဖြေရေးစင်တာများကို ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ယီမင်၌ ဧပြီလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ကျန်းမာရေးဝန်ထမ်း ၂၄ ဦး သေဆုံး

**အေဒင် မေ ၂၂**

ယီမင်နိုင်ငံတွင် ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ကျန်းမာရေးဝန်ထမ်း ၂၄ ဦး သေဆုံးခဲ့ကြောင်း ယီမင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့သည့် အဆိုပါ ကျန်းမာရေးဝန်ထမ်း ၂၄ ဦးတို့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုတိုက်ဖျက်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြစ်ကြောင်း ဝန်ကြီးဌာနက ရှင်းလင်းပြောကြားသည်။

ယီမင်နိုင်ငံရှိ အစိုးရထိန်းချုပ်သော ဒေသများတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၅၉၆၀ ရှိလာခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်တာအတွင်း လူနာကိုးဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် ယီမင်၌ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၁၄၇ ဦးရှိလာကြောင်း ယီမင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမျိုးသားအရေးပေါ်ကော်မတီက ပြောသည်။

သို့သော် ယီမင်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ လူနာ ၂၈ ဦး ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၃၀၉ ဦးရှိကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ယူနီဆက်နှင့် ဆော်ဒီအာရေဗျနိုင်ငံ၏ ဘုရင်ဆာလ်မန်လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ အကူအညီပေးရေးစင်တာတို့က ထောက်ပံ့ပေးသော ယီမင်နိုင်ငံသည် ၎င်း၏ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို နိုင်ငံ၏ တောင်ဘက် အေဒင်ဆိပ်ကမ်းမြို့တွင် ဧပြီ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။

စစ်မက်ဖြစ်ပွားရာ ယီမင်နိုင်ငံသည် ယခုနှစ်အတွင်း COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၉ သန်းခန့် ရရှိရန် မျှော်လင့်ထားပြီး ယင်းတို့အနက် ကာကွယ်ဆေးအလုံးရေ ၃၆၀၀၀၀ ကို ယခုနှစ် မတ် ၃၁ ရက်က ဗြိတိန်၏ AstraZeneca ဆေးဝါးကုမ္ပဏီထံမှ လက်ခံရရှိခဲ့သည်။ COVAX အစီအစဉ်သည် ကမ္ဘာ့နိုင်ငံတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလက်လှမ်းမီရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်များက ဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည်။

ယီမင်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရေးအတွက် အကူအညီပေးရန် အလှူရှင်များ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများကို ယခင်က တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၄၆၈၄၅၂၄ | ဦး |
| သေဆုံးသူ | ၃၀၇၅၁၅၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၂၂၈၃၈၇၆၇ | ဦး |

# တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီမှ ဝယ်ယူထားသော CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဖိလစ်ပိုင်နိုင်ငံ လက်ခံရရှိ

**မနီလာ မေ ၂၂**

တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီမှ ဝယ်ယူထားသော CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဖိလစ်ပိုင်နိုင်ငံက ယမန်နေ့တွင် လက်ခံရရှိကြောင်း သိရသည်။

**စတင်ဆောင်ရွက်နိုင်ခဲ့**

Sinovac ဆေးဝါးကုမ္ပဏီမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရောက်ရှိလာခဲ့သဖြင့် ဖိလစ်ပိုင်နိုင်ငံ၌ ကာကွယ်ဆေးထိုးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံအတွင်း ယမန်နေ့က ကာကွယ်ဆေးအလုံးရေ ၁၆၀၀၀၀၀ ကို ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများအား ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ ဖိလစ်ပိုင်အစိုးရက နိုင်ငံသားသန်း ၇၀ အား ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းထားသည်။ နိုင်ငံအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်များပြားလာသဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်းနှင့် တောင်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၁၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆာလဖျူရစ်အက်စစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၁၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆာလဖျူရစ်အက်စစ်များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



စိုင်းအွမ်ဖုမ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက် နံနက် ၉ နာရီခွဲ၌ သတင်းအရ ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်း လမ်းပေါ်ရှိ ညောင်ခါးရှည်ကျေးရွာအနီး၌ စိုင်းအွမ်ဖုမ် မောင်းနှင်လာသည့်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားလေးသိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ကန်ကျေးရွာမှ ကရင်ပြည်နယ် ကျုံဒိုးမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက် ည ၁၁ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် တောင်ကြီး-ကလောသွားကားလမ်း ထုံးဘို ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကလောမှတောင်ကြီးသို့ ရဲသီဟဦး မောင်းနှင်ပြီး နိုင်ရန်လင်း (ခ) ပြားပြား လိုက်ပါလာသည့် ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၁၂၀၀ ကျော်တန်ဖိုးရှိ ဆာလဖျူရစ်အက်စစ် လီတာ ၁၆၀၀၀ ခန့် သိမ်းဆည်းရမိခဲ့ရာ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော ထိန်းချုပ်ဓာတုပစ္စည်း ဆာလဖျူရစ်အက်စစ် များကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# မြို့နယ်အချို့၌ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအား ဦးဆောင်ပြုလုပ်ခဲ့သူများနှင့် နိုင်ငံတော်ဆန့်ကျင်စာသားပါ ဗီနိုင်း၊ ပိုစတာများ ချိတ်ဆွဲဆန္ဒဖော်ထုတ်သူများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**

မြို့နယ်အချို့၌ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအား ဦးဆောင်ပြုလုပ်ခဲ့သူများနှင့် နိုင်ငံတော်ဆန့်ကျင်စာသားပါ ဗီနိုင်း၊ ပိုစတာများ ချိတ်ဆွဲဆန္ဒဖော်ထုတ်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဦးဆောင်လှုပ်ရှားခဲ့သူများကို ဖမ်းဆီးရမိနိုင်ရေး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ်(၂) ရပ်ကွက်နှင့် (၃) ရပ်ကွက်အတွင်းမှ စိန်ငွေ (၅၂)နှစ် (ဘ) ဦးကံညွန့်ပါ အမျိုးသားခြောက်ဦးကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက် ဇီးအုပ်ကွက်သစ်အပိုင်း (၄) နေ မဇာခြည်စိုး (၄၀)နှစ် (ဘ)ဦးစိုးမြင့်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



တရားခံ ဇာခြည်စိုး



တရားခံစိန်ငွေ တရားခံစိုင်းမောင်မောင် တရားခံဟိန်းမင်းလတ်



တရားခံအေးမောင် တရားခံဇော်ဇော်ဟိန်း တရားခံညွန့်ငွေ

အလားတူ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရှမ်းပိုင်းရပ်ကွက်ရှိ တံတားသံပေါင်များနှင့် မီးပွိုင့်ကြားရှိ လမ်းလယ်သံပန်းများတွင် ဦးဆောင်သူ (စိစစ်ဆဲ) အင်အား ၁၅ ဦးခန့်က နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသည့် စာရွက်များနှင့် ဗီနိုင်းများ လိုက်လံချိတ်ဆွဲခြင်း၊ ကပ်ခြင်းများဖြင့် ဆန္ဒဖော်ထုတ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလူအုပ်စုအတွင်းရှိအမျိုးသားတစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဓားမြှောင်ဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အကြမ်းဖက်သူများကို လိုက်လံဖမ်းဆီးခဲ့ရာ လောဓမ္မရပ်ကွက်နေ နန်းခမ်းမွန် (၄၀)နှစ် (ဘ) ဦးဖိုးစိန်ပါ အမျိုးသမီးသုံးဦးကို နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသည့် စာရွက် ၈၅ ရွက်၊ မိုးပျံပူဖောင်း ၁၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



(ဝဲမှယာ) တရားခံ ခင်နှင်းဝေ၊ နန်းခမ်းမွန်၊ ဇူဇူလှိုင်

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်က နိုင်ငံရေးသံဝေဂယူစရာ ပါလီမန်ဒီမိုကရေစီပါတီ

စာချစ်သူ

မြန်မာပြည်လွတ်လပ်ရေးရခဲ့တာ (၇၃) နှစ်မြောက်ရှိပြီ။ နိုင်ငံတစ်နိုင်ငံရဲ့ သက်တမ်းအားဖြင့်ကြည့်ရင် (၇၃)နှစ်ဆိုတာ ဘာမျှရှိလှသေးတာမဟုတ်သော်ငြား မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာတော့ နိုင်ငံရေးသံဝေဂတွေ၊ နိုင်ငံရေးသင်ခန်းစာတွေ ရယူစရာက အများသားလားဗျာ။

သို့အနက် တစ်ချိန်က တို့ဗမာအစည်းအရုံးမှာ ဝတ်တစ်လှည့် ပြတ်တစ်လှည့် သခင်ဘဝကိုခံယူပြီး လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းခဲ့ကြတဲ့ သခင်တွေ၊ ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဟိုင်နန်ကျွန်းမှာ ဆင်းဆင်းရဲရဲ စစ်ပညာသင်ယူခဲ့ကြတဲ့ ရဲဘော်သုံးကျိပ်ဝင်တွေဟာ မြန်မာပြည်ကြီးလွတ်လပ်ရေးရတော့မှ တစ်ဦးနဲ့တစ်ဦး ကွဲကြပြဲကြရတဲ့အဖြစ်တွေ၊ သနစ်တွေက နိုင်ငံရေးသံဝေဂယူစရာတွေထဲမှာ ထိပ်ဆုံးကပေါ့။

ဒီလို ကွဲကြပြဲကြရင်း နောက်ဆက်တွဲရလဒ်အဖြစ် ပေါ်ပေါက်ခဲ့ဖူးတဲ့ ပါလီမန်ဒီမိုကရေစီပါတီနဲ့ ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်တို့ရဲ့ အတိတ်သမိုင်းဖြစ်စဉ်ကလည်း နှောင်းလူတို့အတွက် နိုင်ငံရေးသင်ခန်းစာယူစရာလို့ပဲ ဆိုရပါမယ်။

## ၃၃ ဦးကော်မတီကို ဖွဲ့စည်း

အတိတ်သမိုင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ တော်လှန်ရေးကောင်စီက နိုင်ငံရေးခေါင်းဆောင်အချို့ကို ဖိတ်ကြားလို့ အမျိုးသားညီညွတ်ရေးအတွက် ကြိုးပမ်းကြရန် ပန်ကြားခဲ့ပြီး ဒီဇင်ဘာလ ၄ ရက်နေ့မှာ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ်(၇၂)ကို ထုတ်ပြန်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့(ခေါ်) ၃၃ ဦးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။

အကြံပေးအဖွဲ့ရဲ့ လုပ်ငန်းထဲမှာ တစ်ပြည်လုံးရှိ လုပ်သားပြည်သူတွေကို ပြည်တွင်းညီညွတ်ရေးအတွက် အကြံပြုရန် အကြံဉာဏ်တွေတောင်းခံတဲ့လုပ်ငန်းစဉ်လည်းပါသဗျ။

သို့ကလို ပေးပို့လာမယ့် အကြံပေးစာတွေကို တင်သွင်းခြင်းမပြုမီ အခြေအနေတွေ ရှုပ်ထွေးမှုမရှိစေရေးအတွက် ပြင်ပသို့ပေါက်ကြားမှုမရှိစေဖို့ အထူးဂရုစိုက်ကြပါရန် အကြံပေးအဖွဲ့ ၃၃ ဦးကော်မတီကို တော်လှန်ရေးကောင်စီက မေတ္တာရပ်ခံခဲ့ပါတယ်။

သို့ပေမယ့် အကြံပေးအဖွဲ့ရဲ့ နေ့စဉ်ဆွေးနွေးချက်မှတ်တမ်း မိတ္တူတွေဟာ ပြင်ပမှာ ဖောင်းပွပေါက်ကြားနေသလို တော်လှန်ရေးကောင်စီထံ တင်သွင်းမယ့် အကြံပြုချက်စာတမ်းတွေကိုလည်း အနောက်အုပ်စုသံရုံးတွေသို့ ကြိုတင်ပေးပို့ထားတဲ့အတွက် ပြည်ပစွက်ဖက်မှုတွေကို ဖိတ်ခေါ်သကဲ့သို့ဖြစ်စေကြောင်း တော်လှန်ရေးကောင်စီက ဆိုပါတယ်။

သို့တစေ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ဟာ ၁၉၆၉ ခုနှစ် မေလ ၃၁ ရက်နေ့မှာ အကြံပေးစာတမ်းတွေကို တရားဝင်တင်သွင်းခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးနုရဲ့ အကြံပြုချက်ကတော့ အချုပ်အားဖြင့်သူ့အား အာဏာပြန်လည်အပ်နှင်းရေး၊ ပါလီမန်ဒီမိုကရေစီစနစ် ပြန်လည်ဖော်ထုတ်ရေးကို အဓိကထား တောင်းဆိုခဲ့ပါတယ်။

ထိုစဉ်အတောအတွင်း ဦးနုဟာ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ သက်တမ်းမကုန်မီ ၁၉၆၉ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှာ မိသားစုနဲ့အတူ အိန္ဒိယနိုင်ငံသို့ ဗုဒ္ဓဂယာဘုရားဖူးဖို့နဲ့ ဆေးကုသမှုခံယူဖို့ အကြောင်းပြချက်နဲ့ ရန်ကုန်ကနေ ထွက်ခွာသွားခဲ့ပါတယ်။

ဦးနုဟာ အိန္ဒိယနိုင်ငံ ကာလကတ္တားလေဆိပ်ကို ရောက်ရှိချိန်မှာ သတင်းထောက်တွေနဲ့ တွေ့ဆုံပြီး **“မြန်မာနိုင်ငံသည် ဇွန်လအတွင်း ပါလီမန်ဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံကိုခေါင်းဆောင်ရန် အစီအစဉ်မရှိဘဲ ဘာသာရေးကိုသာ အလေးထားကြောင်း၊ ပါလီမန်ဒီမိုကရေစီစနစ်ကိုသာ ယုံကြည်ကြောင်း”** ပြောကြားခဲ့ပါတယ်။

သို့သော်ငြား အိန္ဒိယနိုင်ငံမှာရှိနေစဉ် စီအိုင်အေနဲ့ ပတ်သက်နေတဲ့ ကမ္ဘာ့စာရိတ္တမြှင့်တင်ရေးအဖွဲ့ (MRA– Moral Rearmament Association)တို့၊ ထိုင်းနိုင်ငံကို ရောက်ရှိနေတဲ့ ယခင် နေရှင်းသတင်းစာအယ်ဒီတာ ဦးလောရုံတို့နဲ့ ဆက်သွယ်ခဲ့တယ်လို့ ဆိုတယ်။

ဦးလောရုံဟာ ထိုစဉ်က ပြည်ပကို ထွက်ပြေးလာသူ နိုင်ငံရေးသမားတွေကို နိုင်ငံခြားအကူအညီနဲ့ ထိုင်းနိုင်ငံမှာ စုစည်းပေးထားသူဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၆၅ ခုနှစ်ကတည်းက ဝမ်ကသို့ ရောက်ရှိ အခြေပြုပြီး စစ်သင်တန်းဖွင့်လှစ်လေ့ကျင့်နေတဲ့ ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်းစောကြာဒိုး၊ ဇာလီမော်တို့ဦးစီးတဲ့ “အမျိုးသားလွတ်မြောက်ရေးတပ်မတော်” နဲ့လည်း အဆက်အသွယ်ရှိသူ ဖြစ်ပါတယ်။

## ကြေညာချက်တစ်စောင် ထုတ်ပြန်

ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဇာလီမော်၊ နေရှင်းသတင်းစာအယ်ဒီတာဟောင်း မစ္စတာပက်တို့ပါဝင်တဲ့ အဖွဲ့ဝင် ၁၄ ဦးဟာ ၁၉၆၅ ခုနှစ် မတ်လ ၁၂ ရက်နေ့ကတည်းက ရန်ကုန်ကနေ မုဒုံကို တိတ်တဆိတ်ထွက်ခွာပြီး ကြာအင်းဆိပ်ကြီးမြို့နယ် ဗိုကတော်ရွာ၊ သာယာကုန်းရွာ၊ အပလုံရွာတို့ကတစ်ဆင့် ထိုင်း–မြန်မာ နယ်စပ် ဝမ်ကသို့ ရောက်ရှိနေခဲ့ကြတာဖြစ်ပါတယ်။ ၁၉၆၆ ခုနှစ် ဇန်နဝါရီလအထိ စစ်သင်တန်းတွေ ဖွင့်လှစ်လေ့ကျင့်ကြပြီး ၁၉၆၆ ခုနှစ် မတ်လမှာတော့ ဗိုလ်မှူးချုပ် စောကြာဒိုး၊ ဗိုလ်မှူးကြီးရန်နိုင်တို့လက်မှတ်နဲ့ အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို ဖွဲ့စည်းကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။

၁၉၆၆ ခုနှစ် အောက်တိုဘာလအတွင်းမှာ ဗိုလ်ရန်နိုင်တို့ လူစုဟာ ကေအင်န်ယူအဖွဲ့နဲ့ ပူးပေါင်းပြီး ဆီးတိုးကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးကာ “အမျိုးသားလွတ်မြောက်ရေးကောင်စီ” ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

**သို့ရာတွင် အဖွဲ့အစည်းအတွင်း အပြန်အလှန် လူယုံမွေးတာ၊ အုပ်စုဖွဲ့တာ၊ အထက်အောက် မပြေမလည်ဖြစ်တာ၊ ထောက်ပံ့ပေးထားတဲ့ ငွေကြေးတွေကို ကိုယ်ကျိုးအတွက်သုံးစွဲတာ စသည်တို့ကြောင့် အခြေအနေရှုပ်ထွေးမှုတွေ ပေါ်ပေါက်လာခဲ့ပြီး ပြည်ပြေးအဖွဲ့ဟာ တိုက်ပွဲတစ်ပွဲမျှ မတိုက်ရသေးမီမှာပဲ ဦးလောရုံ၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ တင်ငွေ၊ ဗိုလ်လက်ျာတို့ကတစ်ဖက်၊ ဦးနု၊ တီကလစ်၊ ဦးသွင်တို့ကတစ်ဖက် ဂိုဏ်းကွဲသွားခဲ့။**

အမျိုးသားလွတ်မြောက်ရေးကောင်စီမှာ ဗိုလ်ရန်နိုင်ဟာ စစ်ဦးစီးမှူးဖြစ်ပြီး တပ်ရင်းတစ်ရင်းလျှင် လူအင်အား ၅၀၀ ကျော်ပါဝင်တဲ့ တပ်ရင်း ကိုးရင်းနဲ့ တပ်မဟာ (၁၇)၊ တပ်မဟာ (၂၇)၊ တပ်မဟာ(၃၆) တို့ကို စနစ်တကျ ဖွဲ့စည်းခဲ့ပါတယ်။ တပ်မဟာ (၁၇)ကို ထားဝယ်ခရိုင်၊ တပ်မဟာ(၂၇)ကို မြိတ်ခရိုင်၊ တပ်မဟာ(၃၆)ကို မော်လမြိုင်ခရိုင်တို့မှာ တာဝန်ယူလှုပ်ရှားဖို့ သတ်မှတ်ခဲ့ပြီး ပြည်သိမ်းစစ်ဆင်ရေးစီမံချက်ကိုလည်း စနစ်တကျ ရေးဆွဲထားခဲ့ပါတယ်။

ဒီလို အစစအရာရာ ပြင်ဆင်ပြီးဖြစ်ပေမယ့် ပြည်ပြေးအင်အားစုကြီးမှာ သြဇာတိက္ကမ အစဉ်အလာကြီးမားသူ ခေါင်းဆောင်တစ်ဦးကို ဦးဆောင်မှုပေးစေခြင်းဖြင့် တော်လှန်ရေးကောင်စီအစိုးရကို ဖြုတ်ချအနိုင်ယူနိုင်လိမ့်မယ်လို့ ဦးလောရုံနဲ့ ၎င်းတို့အသိုင်းအဝိုင်းက ယုံကြည်ယူဆခဲ့ကြတယ်။

ဒါကြောင့်မို့ ဦးလောရုံဟာ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ အိန္ဒိယသို့ရောက်ရှိနေသူ ဝန်ကြီးချုပ်ဟောင်း ဦးနုကို သွားရောက်တွေ့ဆုံပြီး အစီအစဉ်အသေးစိတ်ကို ချပြဆွေးနွေးခဲ့ကြတယ်။ ညှိနှိုင်းသဘောတူညီချက်ရရှိပြီးနောက်မှာတော့ ဦးလောရုံဟာ ဦးနုနဲ့ မိသားစုဝင်တွေ၊ ဗိုလ်လက်ျာတို့ကို ထိုင်းနိုင်ငံကို ခေါ်ဆောင်သွားခဲ့ပါတယ်။

## ရှေ့လုပ်ငန်းအစီအစဉ်တွေကို ဆွေးနွေး

ဦးနုဟာ ထိုင်းနိုင်ငံရောက်တဲ့အခါ ဦးလောရုံ ကြိုတင်စုစည်းထားတဲ့ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဗိုလ်စကြာ၊ ညောင်ရွှေမဟာဒေဝီ စဝ်ဟိန်းခမ်း၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်တို့လူစုနဲ့ ပူးပေါင်းပြီး ရှေ့လုပ်ငန်းအစီအစဉ်တွေကို ဆွေးနွေးကာ အာဏာပြန်လည်ရရှိရေး၊ ပါလီမန်ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးတို့အတွက် အနောက်အုပ်စုတွေရဲ့ အကူအညီရရှိဖို့ စီမံဆုံးဖြတ်ခဲ့ကြပါတယ်။

၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့မှာတော့ ဦးနုဟာ ထိုင်းနိုင်ငံမှ လန်ဒန်မြို့သို့ ရောက်ရှိသွားပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပကာ **“ပါလီမန်ဒီမိုကရေစီပါတီ”**ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့ပါတယ်။

ဦးနုခေါင်းဆောင်တဲ့ ပါလီမန်ဒီမိုကရေစီပါတီဟာ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှာ ဗဟိုကော်မတီအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးနု၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးလက်ျာ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးလောရုံ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်ချုပ်သွင်၊ ဘဏ္ဍာရေးမှူး ဗိုလ်ချုပ်တီကလစ်၊ စာရင်းစစ် ဗိုလ်မှူးကြီးမိုးကျော်၊ အလုပ်အမှုဆောင် ဗိုလ်ချုပ်စောကြာဒိုး၊ ဗိုလ်ချုပ်ရန်နိုင်၊ ဥပဒေအကြံပေး ဗိုလ်မှူးကြီးဇာလီမော်နဲ့ ဗဟိုကော်မတီဝင် ၂၆ ဦး စုစုပေါင်း ၃၅ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြပါတယ်။

ပါလီမန်ဒီမိုကရေစီပါတီဟာ တစ်ဖက်က နိုင်ငံတကာထောက်ခံမှုရရှိဖို့ ဆောင်ရွက်ခဲ့သလို တစ်ဖက်ကလည်း နယ်စပ်က လက်နက်ကိုင်အဖွဲ့တွေရဲ့ အားပေးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိဖို့ ကြိုးစားခဲ့ပြန်ပါတယ်။

## (တညလ)ကို လက်မှတ်ရေးထိုး ဖွဲ့စည်း

ဒါကြောင့် ၁၉၇၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဘန်ကောက်ရှိ ပါလီမန်ဒီမိုကရေစီပါတီဌာနချုပ်မှာ ပါလီမန်ဒီမိုကရေစီပါတီအပါအဝင် သုံးပါတီအစည်းအဝေးကို ကျင်းပပြီး ခေါင်းဆောင်တွေဟာ **“တိုင်းရင်းသားလူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ပေါင်းစု”**(တညလ)ကို လက်မှတ်ရေးထိုး ဖွဲ့စည်းလိုက်ပါတယ်။

တပ်ပေါင်းစု နာယကကတော့ ဦးနုဖြစ်ပြီး ဥက္ကဋ္ဌ မန်းဘဇံ၊ အထွေထွေအတွင်းရေးမှူး နိုင်ရွှေကျင်(ခေါ်) နိုင်ဘလွင်၊ နိုင်ငံရေးနှင့် စည်းရုံးရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်လက်ျာ၊ စစ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မြ၊ ဘဏ္ဍာရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးချုပ် တီကလစ်တို့ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ **“ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်”** ကို ဖွဲ့စည်းပြီး စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်စောကြာဒိုးကို ခန့်အပ်ကာ အမှတ်(၁)တိုင်း–တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ် ဗိုလ်ချုပ်ရန်နိုင်၊ အမှတ်(၂)တိုင်း–အလယ်ပိုင်းတိုင်း တိုင်းမှူးအဖြစ် ဗိုလ်ချုပ်သွင်တို့ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

သို့ရာတွင် အဖွဲ့အစည်းအတွင်း အပြန်အလှန် လူယုံမွေးတာ၊ အုပ်စုဖွဲ့တာ၊ အထက်အောက် မပြေမလည်ဖြစ်တာ၊ ထောက်ပံ့ပေးထားတဲ့ ငွေကြေးတွေကို ကိုယ်ကျိုးအတွက်သုံးစွဲတာ စသည်တို့ကြောင့် အခြေအနေရှုပ်ထွေးမှုတွေ ပေါ်ပေါက်လာခဲ့ပြီး ပြည်ပြေးအဖွဲ့ဟာ တိုက်ပွဲတစ်ပွဲမျှ မတိုက်ရသေးမီမှာပဲ ဦးလောရုံ၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ တင်ငွေ၊ ဗိုလ်လက်ျာတို့ကတစ်ဖက်၊ ဦးနု၊ တီကလစ်၊ ဦးသွင်တို့ကတစ်ဖက် ဂိုဏ်းကွဲသွားခဲ့ပါတယ်။

စစ်ဆင်ရေးအပိုင်းမှာလည်း ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလမှာ ဦးလောရုံ၊ ဗိုလ်လက်ျာ၊ နိုင်ရွှေကျင်၊ စောကြာဒိုးနဲ့ ဇာလီမော်တို့ဟာ သောင်ရင်းမြစ်ကမ်းရှိ မန်းဘဇံရဲ့ ဌာနချုပ်ကို လျှို့ဝှက်စွာရောက်ရှိလာစဉ် ရောက်ရောက်ချင်းမှာပဲ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရဲ့ ပတ္တမြားစစ်ဆင်ရေးနဲ့ ရင်ဆိုင်တိုးကာ တစ်ဖက်ကမ်းသို့ ဆုတ်ခွာထွက်ပြေးခဲ့ရပါတယ်။

ဒါကြောင့် ဦးလောရုံဟာ အချင်းချင်းကြား ဂိုဏ်းကွဲပြဿနာတွေ ရှုပ်ထွေးနေတာ၊ ပွဲဦးထွက်မှာပဲ အရှုံးနဲ့ရင်ဆိုင်ရတာတွေကြောင့် ပြည်ပြေးတွေအပေါ် စိတ်ကုန်လာပြီး ၁၉၇၁ ခုနှစ် ဇူလိုင်လမှာ ပြည်ပြေးအဖွဲ့က နုတ်ထွက်ကာ အမေရိကန်ကို အပြီးအပိုင် ထွက်ခွာသွားခဲ့ပါတယ်။

စာမျက်နှာ ၁၆ သို့ ❖

# ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

### အားပေးစကားပြောကြား

ထို့သို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❖ စာမျက်နှာ ၁၅ မှ

ဦးနုအနေနဲ့လည်း ၁၉၇၂ ခုနှစ် ဘန်ကောက်မြို့မှာ ကျင်းပတဲ့ ပြည်ပြေးအမှုဆောင်အစည်းအဝေးမှာ ဗိုလ်မြ တင်သွင်းတဲ့ ပြည်နယ်ခွဲထွက်ရေးကိစ္စနဲ့ ပတ်သက်ပြီး သဘောထားချင်း မတိုက်ဆိုင်သဖြင့် မဲခွဲဆုံးဖြတ်ရာမှ ရှုံးနိမ့်သွားခဲ့တာက တစ်ကြောင်း၊ ဦးသွင်နဲ့ ဗိုလ်လကျ်ာတို့က ထိုအဆိုကိုထောက်ခံခဲ့ကြ၍ သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်လာတာက တစ်ကြောင်းကြောင့် ပါလီမန်ဒီမိုကရေစီပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ပြန်ပါတယ်။

ဗိုလ်လကျ်ာက ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူပြီး ပါလီမန်ဒီမိုကရေစီပါတီကိုလည်း **"ပြည်ချစ်ပါတီ"**ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ဦးနုကတော့ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှာ ဘန်ကောက်မှထွက်ခွာကာ အိန္ဒိယနိုင်ငံမှာ ခိုလှုံခဲ့ပါတယ်။ တစ်ဖန်ကေအင်န်ယူကလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု(တညလ)ကနေ နုတ်ထွက်ခဲ့ပြန်ပါတယ်။

### တိုက်ပွဲပေါင်း ၁၀၃ ကြိမ်ဖြစ်ပွားခဲ့

တညလ တည်ထောင်ခဲ့တဲ့ ၁၉၇၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့မှ ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ငါးနှစ်တာကာလအတွင်း တပ်မတော်နှင့် ပြည်ပြေးမဟာမိတ်အဖွဲ့အစည်းများ၊ တညလတို့ ထိတွေ့တိုက်ပွဲပေါင်း ၁၀၃ ကြိမ်ဖြစ်ပွားခဲ့ပြီး တညလအဖွဲ့မှ ၅၇၄ ဦး သေဆုံးကာ တပ်မတော်မှ ၃၄၄ ဦးကျဆုံးခဲ့ကြောင်း၊ လက်နက်မျိုးစုံ ၆၃၇ လက် သိမ်းဆည်းရမိခဲ့ပြီး လက်နက်ချအလင်းဝင် ၇၀၄ ဦး အထိရှိခဲ့ကြောင်း အစိုးရရဲ့ ထိုစဉ်က သတင်းထုတ်ပြန်ချက်မှတ်တမ်းတွေအရ သိရပါတယ်။

တပ်မတော်နဲ့ ပြည်ပြေးတို့ရဲ့ သီးသန့်တိုက်ပွဲအနေနဲ့ကတော့ စုစုပေါင်း ၁၈၅ ကြိမ်ရှိခဲ့ပြီး ၁၉၇၄ ခုနှစ် မတ်လ ၁၉ ရက်နေ့မှ ၁၉၇၅ ခုနှစ် ဇွန်လ ၁၆ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ပြည်ပြေးအဖွဲ့ဝင် ၃၄၃ ဦး အလင်းဝင်လာခဲ့တယ်လို့လည်း ဆိုပါတယ်။

ပြည်ပြေးတွေ အဲဒီလို ဝါးအစည်းပြေသလို ပြိုကွဲပြီးနောက် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာတော့ ကေအင်န်ယူ မာဘယ်လ်နဲ့အော်လီဗာ ဦးစီးတဲ့ အင်အား ၂၀၀ ခန့်ဟာ ပြည်ပြေးကြယ်ဝါစခန်းကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြလို့ ဗိုလ်လကျ်ာအပါအဝင် လေးဦးကျဆုံးပြီး ကျန်ပြည်ပြေးအဖွဲ့တွေဟာ ကစဉ့်ကလျား လက်လွတ်ထွက်ပြေးခဲ့ရပါတယ်။ ပြည်ပြေးအဖွဲ့ဟာ ကေအင်န်ယူရဲ့တိုက်ခိုက်ချေမှုန်းတာကို ခံရတဲ့အပြင် လက်နက်၊ ခဲယမ်း၊ စစ်ပစ္စည်းအမြောက်အမြားလည်း အပိုင်စီးခံလိုက်ရပြန်တယ်။

မြန်မာ့နိုင်ငံရေးဇာတ်ခုံမှာ ပါလီမန်ဒီမိုကရေစီပါတီရဲ့ ဇာတ်သိမ်းခန်းဟာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျ်ာရဲ့ကျဆုံးမှုနဲ့အတူ လွမ်းစရာကောင်းသလို ကြည်နူးဝမ်းမြောက်စရာ ဇာတ်ဝင်ခန်းတွေကိုလည်း သမိုင်းမှာ ကျွန်တော်တို့ အထင်အရှား တွေ့မြင်ခဲ့ရပါတယ်။

ကြည်နူးဝမ်းမြောက်ဖွယ်ရာ ဇာတ်လမ်းအစက ၁၉၈၀ ပြည့်နှစ် မေလမှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ကောင်စီက ထုတ်ပြန်ခဲ့တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်က အစပြုခဲ့တယ်လို့ပဲဆိုရမယ်။

**"ကျွန်တော်တို့ အဝေးရောက်နေသူတွေကို အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ခဏတာခွဲခွာပြီး အိမ်ကိုပြန်လာကြတဲ့ ဆွေမျိုးသားချင်းတွေကို ကြိုဆိုသလို ကျွန်တော်တို့ သူတို့ကို ကြိုဆိုကြရအောင်။ ပြီးခဲ့တာတွေ မေ့ဖျောက်ခွင့်လွှတ်ပြီး ကျွန်တော်တို့ တိုင်းပြည်ကောင်းကျိုးအတွက် ရှေ့ဆက်လက်တဲ့ အလုပ်လုပ်ကြရအောင်"**

၁၉၈၀ ပြည့်နှစ် မေလက ကျင်းပခဲ့တဲ့ နိုင်ငံတော်ကောင်စီ၊ လမ်းစဉ်ပါတီနဲ့ နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ စုံညီအစည်းအဝေးတစ်ရပ်မှာ နိုင်ငံတော်သမ္မတနဲ့ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ အဲဒီလို ဖိတ်ခေါ်ကမ်းလှမ်းလိုက်တဲ့ မိန့်ခွန်းကို ရေဒီယိုကတစ်ဆင့် ကြားလိုက်ရတဲ့ တစ်ချိန်က ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နဲ့ ဗိုလ်မှူးအောင်တို့ဟာ **"ငါ့ကို ရည်ရွယ်ပြောနေတာပဲ"**လို့ ခံစားမိပြီး ပြည်တော်ပြန်ဖို့ အထုပ်အပိုးတွေ ပြင်ခဲ့ကြတယ်လို့ ဆိုတယ်ဗျ။

**"ကျွန်တော် ရေဒီယိုပေါ်မှာ အစ်ကိုကြီး(ဦးနေဝင်း) အသံကြားရတော့ အစ်ကိုကြီးကိုယ်တိုင် ကျွန်တော့်ရှေ့မှာ ရောက်နေပြီး ကိုယ့်တိုင်းကိုယ့်ပြည် ပြန်လာခဲ့ဖို့ ကျွန်တော့်ကို တိုက်တွန်းနေသလို**

**ရှေးခေတ်လူကြီးတွေရဲ့ တစ်ဦးအပေါ်တစ်ဦး နိုင်ငံရေးသိက္ခာထားရှိမှု၊ နိုင်ငံရေးအယူအဆ ကွဲပြားခြားနားမှုရှိသော်လည်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ နိုင်ငံရေးသိက္ခာ မကျဆင်းစေရေးအတွက် နိုင်ငံရေးထွက်ပေါက် ဖွင့်လှစ်ပေးခဲ့မှုတွေက နှောင်းလူတို့အဖို့ အတုယူဖို့ကောင်းတယ်ဗျ။**

**ခံစားခဲ့ရတယ်**"လို့ ရဲဘော်ဟောင်းတွေ မိတ်ဆုံပွဲမှာ ဗိုလ်ရန်နိုင်က ဆိုပါတယ်။ အနီးတွင် ထိုင်နေသူ ဗိုလ်မှူးအောင်ကလည်း **"ကျွန်တော်လည်း အဲဒီလိုပဲ ခံစားခဲ့ရတယ်"**လို့ ဖြည့်စွက်ထောက်ခံပြောကြားခဲ့ပါတယ်။

တစ်ဆက်တည်းမှာ ဗိုလ်ရန်နိုင်က "အစ်ကိုကြီးအပေါ် ပုဂ္ဂိုလ်တစ်ဦးအနေနှင့် မည်သည့်အခါကမျှ ပြစ်မှားခြင်းမပြုခဲ့ပါ။ အယူအဆ မိမိ၏ ယုံကြည်မှုအရသာ ခွာခဲ့ခြင်း ဖြစ်ပါသည်"လို့လည်း ဆိုခဲ့ပါတယ်။

### ဖိတ်ခေါ်ကမ်းလှမ်းခဲ့

ဝန်ကြီးချုပ်ဟောင်း ဦးနုကတော့ တိုင်းပြည်ကို ပြန်လာဖို့အချိန်ယူခဲ့ပါတယ်။ သို့ကြောင့်မို့ ဦးနေဝင်းက **"ကျွန်တော်တို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဆုံးဖြတ်ခဲ့စဉ်က ကျွန်တော့်စိတ်ထဲမှာ လူနှစ်ယောက်ကို အရင်ဆုံးမြင်ခဲ့မိတယ်။ တစ်ဦးကတော့ ကျွန်တော်ကိုယ်တိုင်က ကိုယ့်တိုင်းပြည် ကိုယ့်အိမ်ကိုယ့်ရာကို ပြန်လာစေချင်တဲ့ ဦးနုဖြစ်ပြီး နောက်တစ်ဦးကတော့ နိုင်ငံတော်ပုန်ကန်သစ္စာဖောက်မှုနဲ့ သေဒဏ်ပေးခံထားရတဲ့ သခင်စိုးဖြစ်တယ်"**လို့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပတ်သက်ပြီး ကျင်းပတဲ့အစည်းအဝေးမှာ အမှတ်တရ ပြောကြားခဲ့တဲ့ အမှာစကားနဲ့အညီ သူတို့နှစ်ဦးစလုံးနဲ့ ရင်းနှီးတဲ့ နိုင်ငံရေးလောကက မိတ်ဆွေဖြစ်သူ ဦးထွန်းဦးကို ဦးနုထံစေလွှတ်ပြီး မြန်မာပြည်ပြန်လာဖို့ စာရေးသားပေးပို့ကာ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ် အင်ဒီယာဂန္ဒီထံသို့လည်း ဦးနေဝင်းက သီးခြားစာတစ်စောင် ရေးသားပေးပို့ခဲ့တယ်လို့ ဆိုပါတယ်။

ဦးနုထံ ပေးစာထဲမှာတော့ **"ဦးနုအနေဖြင့် မိမိတိုင်းပြည်သို့ ပြန်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဦးနုအား သူ၏ ဘဝဆည်းဆာနေဝင်ချိန်ကာလများကို သားသမီးမြေးမြစ်များ ခြံရံလျက် မိမိရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များတွင်သာ ကုန်ဆုံးစေလိုကြောင်း၊ ဤသို့ အေးအေးလူလူ နေထိုင်လိုမှုသည်ပင် အသက်အရွယ်ရလာသည့် သက်ကြီးရွယ်အိုတိုင်း မျှော်လင့်တောင့်တဆုံးသော အရာဖြစ်ကြောင်း"** ဦးနေဝင်းက ရေးသားထားတယ်လို့ ဆိုတယ်ဗျ။

ဒီလို ဦးနေဝင်းရဲ့ဖိတ်ခေါ်ကမ်းလှမ်းမှုကြောင့် ဦးနုနဲ့ဇနီး ဒေါ်မြရီတို့ မိသားစုဟာ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်နေ့မှာ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပါတယ်။

ဝန်ကြီးချုပ်ဟောင်း ဦးနုတို့မိသားစု ပြန်လည်ရောက်ရှိခြင်းနဲ့ ပတ်သက်ပြီး အစိုးရရဲ့ သတင်းထုတ်ပြန်ချက်မှာ **"ဝန်ကြီးချုပ် ဦးနုသည် နိုင်ငံတော်ကောင်စီနှင့် နိုင်ငံတော်အဖွဲ့အစည်းတို့၏ ဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်ခံတုံ့ပြန်သောအားဖြင့် မိမိနိုင်ငံသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဤသို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ခြင်းသည်လည်း နိုင်ငံတော်မှ ဦးနု၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဖြစ်ကြောင်း"** ရေးသားဖော်ပြခဲ့တယ်လို့ ဆိုပါတယ်။

နောင်အခါ ထိုသတင်းထုတ်ပြန်ချက်ဟာ ဦးနေဝင်းကိုယ်တိုင် မူကြမ်းရေးသား တည်းဖြတ်ခဲ့တာလို့လည်း အချို့က ဆိုကြတယ်။ ဦးနေဝင်းက ဦးနုနဲ့ဇနီးတို့အား **"လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်"** ဟူသော စကားအသုံးအနှုန်းကိုသုံးခဲ့ကာ အရှက်ရမည်ကိုစိုးသောကြောင့် ဖြစ်သည်ဟုလည်း သုံးသပ်ခဲ့ပါတယ်။

### နှောင်းလူတို့အဖို့ အတုယူဖို့ကောင်း

ရှေးခေတ်လူကြီးတွေရဲ့ တစ်ဦးအပေါ်တစ်ဦး နိုင်ငံရေးသိက္ခာထားရှိမှု၊ နိုင်ငံရေးအယူအဆ ကွဲပြားခြားနားမှုရှိသော်လည်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ နိုင်ငံရေးသိက္ခာ မကျဆင်းစေရေးအတွက် နိုင်ငံရေးထွက်ပေါက် ဖွင့်လှစ်ပေးခဲ့မှုတွေက နှောင်းလူတို့အဖို့ အတုယူဖို့ကောင်းတယ်ဗျ။

ဒီလိုပဲ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့မှာ နိုင်ငံတော်ကောင်စီရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် အမှတ်စဉ်(၂/၈၀)နဲ့အတူ ဝန်ကြီးချုပ်ဟောင်း ဦးနုနဲ့ဇနီး ဒေါ်မြရီ၊ ဗိုလ်မှူးဟောင်း စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ စခန်းမှူးဦးလှိုင်နဲ့ မိသားစုဝင် ၁၁ ဦး၊ သခင်သန်းကြည်၊ ဒေါက်တာမန်းမြင့်ဆိုင်၊ ရန်ကုန်ဘဆွေနဲ့ မိသားစု၊ ကျားနက်တပ်ရင်းမှူးထွန်းမြိုင်နဲ့ ၁၀ ဦး၊ တောင်ပိုင်းတိုင်းမှ ပြည်သိမ်းတပ်ရင်းမှူး ဖေတင်၊ တပ်မမှူး တင်ငွေ၊ ဒုတိယတပ်ရင်းမှူး အောင်နိုင်၊ တပ်ရင်းမှူးဖေသိန်းနဲ့ ၁၄ ဦး၊ အလယ်ပိုင်းတိုင်း ဒုတိယတိုင်းမှူး ဗိုလ်ကျော်ဒင်၊ လူငယ်ဥက္ကဋ္ဌ မြဝတီရဲခေါင်၊ တွဲဖက်အတွင်းရေးမှူး ဦးသုဝေနဲ့ဇနီး အပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၄၅၈ ဦးတို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ရောက်ရှိကြပြီးနောက် ပါလီမန်ဒီမိုကရေစီပါတီနှင့် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်) တို့ မြန်မာနိုင်ငံရေး ဇာတ်ခုံပေါ်က နိဂုံးကမ္ပတ် ချုပ်ငြိမ်းသွားခဲ့ရတဲ့ အဖြစ်သနစ်တွေကလည်း မြန်မာ့နိုင်ငံရေးခရီးမှာ နိုင်ငံရေးသံဝေဂရစရာ၊ နိုင်ငံရေး သင်ခန်းစာယူစရာရယ်လို့ ဆိုချင်ကြောင်းပါဗျာ။ ။

**ကိုးကား – တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၏"တပ်မတော်သမိုင်း ဆဋ္ဌမတွဲ (၁၉၇၄–၁၉၈၈)" ၊ဒေါက်တာမောင်မောင်၏ "မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း"**
**(ဒုတိယတွဲ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကရင်ပြည်နယ် ဘားအံမြို့နယ် မဲရုံ ၂၃၀ ရုံ | ၃၇၀၇၅၂ | ၃၃၇၆၂၂ | ၈၀၁၇၇ | ၃၁၁၇ | ၃၆၇၄၂ |
| ၂ | ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မဲရုံ ၁၂၃ ရုံ | ၂၀၅၃၅၆ | ၁၈၇၄၆၀ | ၃၃၈၅၉ | ၁၈၆၃ | ၂၂၆၂၆ |
| ၃ | ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မဲရုံ ၁၂၀ ရုံ | ၁၆၃၉၆၆ | ၁၆၄၇၉၃ | ၁၇၆၃၃ | ၄၁၃၇ | ၂၀၁၁၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၇၃ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၂၂၇၀၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၈၉၈၅၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၃၂၈၅၇၊ မြေပြင်လက်ကျန် ၃၈၁၆၄၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၅၁၇၉၉ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၈၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဘားအံ | ၂၃၀ | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |
| ၂ | ကော့ကရိတ် | ၁၂၃ | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |
| ၃ | ကြာအင်းဆိပ်ကြီး | ၁၂၀ | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |
| | **စုစုပေါင်း** | **၄၇၃** | **၈၂၂၇၀၇** | **၃၈၉၈၅၀** | **၄၃၂၈၅၇** | **၃၈၁၆၄၃** | **၅၁၇၉၉** | **၅၈၅** |

**ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင် ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၀ အုပ်စု၊ မဲရုံပေါင်း ၂၃၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၄၁၅၆၉၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၄၂၇၃ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၂၁၁၄၂၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၈၂၈၄၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၇၉၆၃၀ | ၂၀၀၂၈၇ | ၁၇၉၃၄၃ | ၁၅၀၇၆၁ | ၂၈၆၈၃ | ၁၀၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၈၆ | ၃၉၈၆ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၂၀၈၃ | | ၃၂၀၈၃ | ၃၂၀၈၃ | | |
| **စုစုပေါင်း** | | **၄၁၅၆၉၉** | **၂၀၄၂၇၃** | **၂၁၁၄၂၆** | **၁၈၂၈၄၄** | **၂၈၆၈၃** | **၁၀၁** |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ဘားအံမြို့နယ်၊ ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၀ အုပ်စု မဲရုံပေါင်း ၂၃၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၈၆၈၃ ပျောက်ဆုံးနေပြီး ၁၀၁ စောင် ပိုနေသည်ကို စိစစ်



ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၃၉၈၆ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၇။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကူးဆိပ်ရပ်ကွက် | ၂ | ၃၅၅၀ | ၂၂၁၁ | ၁၃၃၉ | ၈၃၉ | ၅၀၀ | |
| ၂ | ဇီးတောရပ်ကွက် | ၄ | ၈၀၀၀ | ၅၁၉၆ | ၂၈၀၄ | ၂၂၅၄ | ၅၅၀ | |
| ၃ | ပြည်ထောင်စုရပ်ကွက် | ၃ | ၅၆၅၀ | ၃၅၂၈ | ၂၁၂၂ | ၁၉၇၈ | ၁၄၄ | |
| ၄ | ဖွဲ့မာန်လွင်ရပ်ကွက် | ၂ | ၃၆၀၀ | ၂၂၈၇ | ၁၃၁၃ | ၁၂၂၁ | ၉၂ | |
| ၅ | ထောင်ဝိရပ်ကွက် | ၁ | ၁၇၅၀ | ၁၀၉၁ | ၆၅၉ | ၆၀၉ | ၅၀ | |
| ၆ | ကော့လှိုက်ကျေးရွာအုပ်စု | ၂ | ၄၀၅၀ | ၂၄၅၄ | ၁၅၉၆ | ၁၅၉၆ | | |
| ၇ | တရုတ်လှကျေးရွာအုပ်စု | ၂ | ၃၉၀၀ | ၂၄၃၄ | ၁၄၆၆ | ၁၄၇၀ | | ၄ |
| ၈ | ဝင်းကျန်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၅၁၀ | ၁၁၉၀ | ၁၁၉၀ | | |
| ၉ | ကော့တရုတ်ရကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၄၂၀ | ၁၁၈၀ | ၁၁၈၀ | | |
| ၁၀ | ကော့ထမ္မလိန်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၂၂၄ | ၁၂၂၆ | ၁၁၂၆ | ၁၀၀ | |
| ၁၁ | ကော့သင်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၉၆ | ၄၀၄ | ၄၀၄ | | |
| ၁၂ | ကျုံဖဲကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၈၅၄ | ၂၅၉၆ | ၅၉၆ | ၂၀၀၀ | |
| ၁၃ | ကျုံစောင့်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၅၄၂ | ၁၅၀၈ | ၁၅၀၈ | | |
| ၁၄ | ကော့သင်းရှူး(ထမ္မတိုင်) ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၅၈၇ | ၄၆၃ | ၄၆၃ | | |
| ၁၅ | ကော့စိန်ဘန်(အောက်) ကျေးရွာအုပ်စု | ၄ | ၅၉၀၀ | ၂၃၂၃ | ၃၅၇၇ | ၂၈၂၈ | ၇၄၉ | |
| ၁၆ | ကော့ကဒါကျေးရွာအုပ်စု | ၄ | ၇၄၅၀ | ၃၆၅၆ | ၃၇၉၄ | ၃၃၁၃ | ၄၈၁ | |
| ၁၇ | ကော့မူးတာကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၁၈၂၅ | ၁၇၇၅ | ၁၅၂၅ | ၂၅၀ | |
| ၁၈ | ကံခရဲကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၁၃၁ | ၁၁၆၉ | ၁၀၁၉ | ၁၅၀ | |
| ၁၉ | ခရဲ (ကမ်းနား) ကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၅၃၈ | ၁၄၁၂ | ၄၁၁ | ၁၀၀၁ | |
| ၂၀ | ခယား(အတွင်း)ကျေးရွာအုပ်စု | ၅ | ၉၆၀၀ | ၄၁၁၂ | ၅၄၈၈ | ၅၄၈၈ | | |
| ၂၁ | ခယား (အပြင်) ကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၀၇၀ | ၁၂၃၀ | ၁၂၃၀ | | |
| ၂၂ | ခလောက်ထောင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၃၆၀ | ၃၄၀ | ၃၄၀ | | |
| ၂၃ | ဂျိုင်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၈၃၅ | ၁၁၁၅ | ၁၁၁၉ | | ၄ |
| ၂၄ | ဇာသပြင်(အနောက်) ကျေးရွာအုပ်စု | ၅ | ၇၇၀၀ | ၃၆၃၅ | ၄၀၆၅ | ၂၁၆၇ | ၁၈၉၈ | |
| ၂၅ | တော်ပုံကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၇၂ | ၄၂၈ | ၄၂၈ | | |
| ၂၆ | နောင်လုံ(အရှေ့)ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၁၈၃၁ | ၁၃၆၉ | ၁၃၁၉ | ၅၀ | |
| ၂၇ | နောင်လုံ(အနောက်) ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၀၂၃ | ၁၂၂၇ | ၁၂၂၇ | | |
| ၂၈ | နောင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၃၇၂ | ၁၄၂၈ | ၁၄၃၀ | | ၂ |
| ၂၉ | နတ်ထိပ်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၅၃ | ၇၄၇ | ၆၉၇ | ၅၀ | |
| ၃၀ | နတ်ကျွန်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၆၂၆ | ၅၂၄ | ၅၂၀ | ၄ | |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၃၁ | နောင်ပလိန်ကျေးရွာအုပ်စု | ၅ | ၆၀၅၀ | ၂၀၄၂ | ၄၀၀၈ | ၂၃၆၈ | ၁၆၄၀ | |
| ၃၂ | ဗျက္ခကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၀၂၉ | ၁၁၇၁ | ၁၁၆၈ | ၃ | |
| ၃၃ | မိသရောင်ကျေးရွာအုပ်စု | ၄ | ၅၁၅၀ | ၂၇၈၂ | ၂၃၆၈ | ၂၃၆၉ | | ၁ |
| ၃၄ | ရဲသာကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၂၃၄၁ | ၁၆၀၉ | ၁၆၆၃ | | ၅၄ |
| ၃၅ | လက္ခဏကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၉၅ | ၇၀၅ | ၇၀၃ | ၂ | |
| ၃၆ | လှာကဒေါင်ကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၂၄၉၉ | ၁၈၀၁ | ၁၈၀၁ | | |
| ၃၇ | လွန်းညကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၁၅၇၇ | ၂၁၇၃ | ၁၉၇၃ | ၂၀၀ | |
| ၃၈ | လှိုင်ကဘာကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၆၆၃ | ၁၅၃၇ | ၁၅၂၄ | ၁၃ | |
| ၃၉ | သံလှယ်ကျေးရွာအုပ်စု | ၄ | ၆၉၅၀ | ၃၄၁၂ | ၃၅၃၈ | ၃၅၃၈ | | |
| ၄၀ | သာယာကုန်းကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၀၇၄ | ၇၂၆ | ၇၂၆ | | |
| ၄၁ | သာမညကျေးရွာအုပ်စု | ၆ | ၁၅၂၀၀ | ၅၄၆၈ | ၉၇၃၂ | ၆၄၂၈ | ၃၃၀၄ | |
| ၄၂ | အုန်းတပင်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၃၄၄ | ၈၀၆ | ၈၀၄ | ၂ | |
| ၄၃ | အိန္ဒဲကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၇၃၇ | ၁၁၆၃ | ၁၁၆၄ | | ၁ |
| ၄၄ | စံဖရီးကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၅၄၅ | ၁၅၀၅ | ၁၃၅၇ | ၁၄၈ | |
| ၄၅ | ထောင်ကလပ်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၀၂၃ | ၁၁၂၇ | ၁၁၂၉ | | ၂ |
| ၄၆ | အိန္ဒူကျေးရွာအုပ်စု | ၃ | ၇၆၅၀ | ၄၃၄၉ | ၃၃၀၁ | ၃၃၀၉ | | ၈ |
| ၄၇ | ကော့စိန်ဘန်(အထက်) ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၅၈၃ | ၆၆၇ | ၆၆၇ | | |
| ၄၈ | ရွှေတောကျေးရွာအုပ်စု | ၃ | ၃၈၅၀ | ၂၀၅၄ | ၁၇၉၆ | ၁၇၉၆ | | |
| ၄၉ | ဇာသပြင်(အရှေ့)ကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၁၉၄၉ | ၂၈၅၁ | ၂၂၂၇ | ၆၂၄ | |
| ၅၀ | ကော့လမုကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၆၄၂ | ၁၄၀၈ | ၁၄၀၈ | | |
| ၅၁ | သရက်တော၊ မြိုင်သဇင်၊ ကြာအင်းရပ်ကွက် | ၄ | ၇၀၀၀ | ၄၄၅၁ | ၂၅၄၉ | ၂၁၉၆ | ၃၅၃ | |
| ၅၂ | ဈေးတန်းရပ်ကွက် | ၄ | ၅၈၀၀ | ၃၇၄၅ | ၂၀၅၅ | ၁၂၀၅ | ၈၅၀ | |
| ၅၃ | အောင်နန်းမင်္ဂလာရပ်ကွက် | ၄ | ၆၂၀၀ | ၄၃၈၁ | ၁၈၁၉ | ၁၅၇၆ | ၂၄၃ | |
| ၅၄ | ရတနာဒီပရပ်ကွက် | ၆ | ၁၀၉၀၀ | ၇၄၉၀ | ၃၄၁၀ | ၃၃၅၃ | ၅၇ | |
| ၅၅ | ကော့သံခါကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၀၉၂ | ၁၀၅၈ | ၁၀၆၈ | | ၁၀ |
| ၅၆ | ကော့ကျိုက်(ဖအွံ့)ကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၁၈၃၅ | ၁၅၆၅ | ၂၂၁ | ၁၃၄၄ | |
| ၅၇ | ကော့ဂွန်း(ဖဲကတာ) ကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၉၇၄ | ၁၁၂၆ | ၁၁၂၅ | ၁ | |
| ၅၈ | ကော့ဂွန်း(ဘားကပ်) ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၀၀ | ၄၀၀ | ၄၀၀ | | |
| ၅၉ | ကော့ရင်း(အောက်)ကျေးရွာအုပ်စု | ၅ | ၆၈၅၀ | ၃၇၆၄ | ၃၀၈၆ | ၃၀၉၂ | | ၆ |
| ၆၀ | ကော့ထော်ကျေးရွာအုပ်စု | ၃ | ၅၄၅၀ | ၃၂၁၉ | ၂၂၃၁ | ၁၉၂၉ | ၃၀၂ | |
| ၆၁ | ကျောက်တလုံးကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၃၀၂၆ | ၁၆၇၄ | ၁၆၇၈ | | ၄ |
| ၆၂ | ခဲတောက်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၆၉ | ၁၁၃၁ | ၁၁၂၉ | ၂ | |
| ၆၃ | ဆင်ကျုံးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၆၃ | ၉၃၇ | ၉၃၃ | ၄ | |
| ၆၄ | ကုလားစုကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၂၂၄ | ၁၁၇၆ | ၆၇၈ | ၄၉၈ | |
| ၆၅ | ထုံးအိုင်ကျေးရွာအုပ်စု | ၅ | ၈၅၀၀ | ၄၅၄၆ | ၃၉၅၄ | ၃၄၁၄ | ၅၄၀ | |
| ၆၆ | နောင်ထလုံးကျေးရွာအုပ်စု | ၃ | ၅၀၅၀ | ၂၃၄၀ | ၂၇၁၀ | ၁၆၅၈ | ၁၀၅၂ | |
| ၆၇ | နှစ်ခြားကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၀၈၆ | ၁၀၆၄ | ၁၀၆၅ | | ၁ |
| ၆၈ | နောင်ကျန်ကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၄၅၁ | ၉၉၉ | ၉၉၇ | ၂ | |
| ၆၉ | ပန်းကုန်းကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၆၁၀ | ၁၁၄၀ | ၁၁၃၄ | ၆ | |
| ၇၀ | ဖဲကတာကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၁၆၄၅ | ၁၈၀၅ | ၁၈၀၅ | | |
| ၇၁ | ဖအွံ့ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၀၉၄ | ၉၀၆ | ၉၀၆ | | |
| ၇၂ | ဘားကပ်ကျေးရွာအုပ်စု | ၂ | ၃၈၀၀ | ၂၂၉၃ | ၁၄၀၇ | ၉၅၇ | ၄၅၀ | |
| ၇၃ | မိဇံကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၂၆၁ | ၁၀၈၉ | ၁၉၁ | ၈၉၈ | |
| ၇၄ | ကော့ကူးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၇၇၃ | ၇၂၇ | ၇၂၇ | | |
| ၇၅ | မိကရင်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၁၇၃၇ | ၂၀၆၃ | ၁၉၆၃ | ၁၀၀ | |
| ၇၆ | မုက္ကဒီကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၁၉၆၂ | ၁၉၈၈ | ၇၃၈ | ၁၂၅၀ | |
| ၇၇ | မြိုင်ကလေးကျေးရွာအုပ်စု | ၃ | ၄၂၅၀ | ၂၃၃၇ | ၁၉၁၃ | ၁၄၁၃ | ၅၀၀ | |
| ၇၈ | မှိုင်းကံကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၀၄ | ၁၀၄၆ | ၁၀၄၅ | ၁ | |
| ၇၉ | ရသေ့ပျံကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၂၁၃ | ၉၃၇ | ၉၃၅ | ၂ | |
| ၈၀ | ရေကျော်ကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၂၆၉၂ | ၂၀၀၈ | ၁၉၅၉ | ၄၉ | |
| ၈၁ | မင်းဇီကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၆၀၄ | ၁၄၄၆ | ၈၉၆ | ၅၅၀ | |
| ၈၂ | ဝဲကြီးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၀၂၈ | ၁၀၂၂ | ၆၂၂ | ၄၀၀ | |
| ၈၃ | ဝတ်ကြီးကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၂၅၅ | ၁၇၉၅ | ၁၇၉၅ | | |
| ၈၄ | ကော့ရင်း(အထက်)ကျေးရွာအုပ်စု | ၃ | ၄၆၀၀ | ၁၇၁၂ | ၂၈၈၈ | ၂၀၄၂ | ၈၄၆ | |
| ၈၅ | ဘင်ဂျီကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၁၄ | ၅၃၆ | ၅၃၆ | | |
| ၈၆ | လှာကာကျေးရွာအုပ်စု | ၇ | ၁၃၈၅၀ | ၈၂၃၈ | ၅၆၁၂ | ၄၂၁၆ | ၁၃၉၆ | |
| ၈၇ | လှာကမြင်ကျေးရွာအုပ်စု | ၅ | ၁၂၀၃၀ | ၅၈၇၈ | ၆၁၅၂ | ၄၇၇၃ | ၁၃၇၉ | |
| ၈၈ | တကောင်ဘိုးကျေးရွာအုပ်စု | ၂ | ၄၆၀၀ | ၂၇၄၈ | ၁၈၅၂ | ၁၅၉၇ | ၂၅၅ | |
| ၈၉ | တံတားဦးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၂၄၁ | ၆၅၉ | ၆၆၁ | | ၂ |
| ၉၀ | ကျုံမသွယ်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၁၂၅ | ၈၂၅ | ၈၂၇ | | ၂ |
| ၉၁ | မီးဖိုင်းကျေးရွာအုပ်စု | ၂ | ၅၀၅၀ | ၁၆၆၅ | ၃၃၈၅ | ၃၃၈၅ | | |
| ၉၂ | အီဟယ်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၉၉၃ | ၈၀၇ | ၃၅၇ | ၄၅၀ | |
| ၉၃ | နောင်ကမြိုင်ကျေးရွာအုပ်စု | ၂ | ၄၇၀၀ | ၂၃၇၂ | ၂၃၂၈ | ၂၂၂၈ | ၁၀၀ | |
| ၉၄ | ပေါ့ထော်ကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၁၉၉၅ | ၁၆၅၅ | ၁၀၅၇ | ၅၉၈ | |
| ၉၅ | ဟတ္တလိုက်ကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၂၅၁၃ | ၁၇၈၇ | ၁၇၈၇ | | |
| ၉၆ | ကျုံထော်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၃၇ | ၂၁၃ | ၂၁၃ | | |
| ၉၇ | မဲသနကျေးရွာအုပ်စု | ၁ | ၇၀၀ | ၃၀၉ | ၃၉၁ | ၂၄၁ | ၁၅၀ | |
| ၉၈ | တဂေးလောင်းကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၉၀၆ | ၁၈၄၄ | ၁၇၉၄ | ၅၀ | |
| ၉၉ | ကော်ဟဲကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၃၇၃ | ၆၂၇ | ၆၂၇ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၃၀ | ၃၇၉၆၃၀ | ၂၀၀၂၈၇ | ၁၇၉၃၄၃ | ၁၅၀၇၆၁ | ၂၈၆၈၃ | ၁၀၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၉၈၆ | ၃၉၈၆ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၂၀၈၃ | | ၃၂၀၈၃ | ၃၂၀၈၃ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃၀ | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |



ကော့ကရိတ်မြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

**ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ မဲရုံပေါင်း ၁၂၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၂၉၇၆၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၃၂၃၇ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၆၅၂၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၂၂၀၈၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၇၄၀၀ | ၁၀၁၈၉၃ | ၁၀၅၅၀၇ | ၁၀၁၀၆၅ | ၄၅၀၈ | ၆၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၄၄ | ၁၃၄၄ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၁၀၁၈ | | ၂၁၀၁၈ | ၂၁၀၁၈ | | |
| | စုစုပေါင်း | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကော့ကရိတ်မြို့နယ်၊ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု မဲရုံပေါင်း ၁၂၃ ရုံတွင် မဲလက်မှတ်အရေအတွက် ၄၅၀၈ ပျောက်ဆုံးနေပြီး ၆၆ စောင်ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၃၄၄ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၁၀။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ချောင်းတောင်ရပ်ကွက် | ၂ | ၄၂၀၀ | ၂၂၉၆ | ၁၉၀၄ | ၁၉၀၆ | | ၂ |
| ၂ | အမှတ်(၂)ဝင်းကြီးရပ်ကွက် | ၂ | ၃၇၅၀ | ၂၂၀၉ | ၁၅၄၁ | ၁၅၃၈ | ၃ | |
| ၃ | အမှတ်(၃)အလယ်တန်းရပ်ကွက် | ၂ | ၃၈၀၀ | ၂၄၁၃ | ၁၃၈၇ | ၁၃၈၆ | ၁ | |

စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ



ဘားအံမြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၄ | အမှတ်(၄)အထက်တောင်သူစု ရပ်ကွက် | ၂ | ၃၀၅၀ | ၁၄၅၁ | ၁၅၉၉ | ၁၁၉၉ | ၄၀၀ | |
| ၅ | အမှတ်(၅)အောက်တောင်သူစု ရပ်ကွက် | ၃ | ၅၅၅၀ | ၂၇၄၅ | ၂၈၀၅ | ၂၇၆၁ | ၄၄ | |
| ၆ | အမှတ်(၆)အနောက်ပိုင်းရပ်ကွက် | ၂ | ၂၉၅၀ | ၁၅၇၆ | ၁၃၇၄ | ၁၃၇၂ | ၂ | |
| ၇ | အမှတ်(၇)တံတားဦးရပ်ကွက် | ၄ | ၇၆၅၀ | ၃၉၅၈ | ၃၆၉၂ | ၃၆၉၄ | | ၂ |
| ၈ | သရက်တောကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၁၆၉၅ | ၁၉၀၅ | ၁၉၀၅ | | |
| ၉ | ဝဲလစ်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၅၄၁ | ၁၂၅၉ | ၁၂၅၉ | | |
| ၁၀ | အင်းရှည်ကျေးရွာအုပ်စု | ၃ | ၄၉၅၀ | ၂၄၀၉ | ၂၅၄၁ | ၂၅၄၃ | | ၂ |
| ၁၁ | ခနိမ်းဖော်ကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၁၉၃၆ | ၂၃၆၄ | ၂၃၆၁ | ၃ | |
| ၁၂ | နဘူးနှစ်ခြားကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၁၈၆၂ | ၁၅၈၈ | ၁၅၃၈ | ၅၀ | |
| ၁၃ | နဘူးတံခွန်တိုင်ကျေးရွာအုပ်စု | ၃ | ၅၃၅၀ | ၂၄၉၁ | ၂၈၅၉ | ၂၀၀၈ | ၈၅၁ | |
| ၁၄ | နောင်တပွဲကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၁၇၆၈ | ၁၉၃၂ | ၁၇၂၆ | ၂၀၆ | |
| ၁၅ | ထီကလေးကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၃၈၃ | ၁၁၆၇ | ၁၁၆၈ | | ၁ |
| ၁၆ | နောင်ကိုင်းကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၂၃၅ | ၁၀၆၅ | ၁၀၆၅ | | |
| ၁၇ | ထီဖိုးစံကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၃၄၇ | ၁၄၅၃ | ၁၃၁၈ | ၁၃၅ | |
| ၁၈ | နောင်ထပွံကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၃၆၂ | ၁၄၈၈ | ၁၃၃၈ | ၁၅၀ | |
| ၁၉ | မြပတိုင်ကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၂၂၂ | ၁၀၂၈ | ၁၀၁၈ | ၁၀ | |
| ၂၀ | ကျုံဘိုင်းကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၁၉၄၄ | ၂၃၅၆ | ၂၃၅၆ | | |
| ၂၁ | ဒေါဖျာကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၁၆၃၂ | ၁၆၁၈ | ၁၆၁၈ | | |
| ၂၂ | ရန်ကုတ်ကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၂၅၇၁ | ၂၂၂၉ | ၂၂၂၉ | | |
| ၂၃ | တတံကူးကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၆၂၈ | ၇၂၂ | ၇၂၂ | | |
| ၂၄ | ကော့နွဲကျေးရွာအုပ်စု | ၁ | ၇၀၀ | ၃၇၀ | ၃၃၀ | ၃၃၀ | | |
| ၂၅ | မြောက်ကြာအင်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၂၅၁ | ၉၉၉ | ၉၉၉ | | |
| ၂၆ | ရေကျော်ကြီးကျေးရွာအုပ်စု | ၆ | ၇၆၅၀ | ၃၅၅၃ | ၄၀၉၇ | ၃၆၄၀ | ၄၅၇ | |
| ၂၇ | ကျုံဒိုးချောင်းဖျားကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၆၉ | ၁၁၃၁ | ၁၁၃၁ | | |
| ၂၈ | အင်းကြီးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၇၀၁ | ၇၄၉ | ၇၄၉ | | |
| ၂၉ | အမှတ်(၁)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၂၅၅၀ | ၁၆၂၅ | ၉၂၅ | ၉၇၀ | | ၄၅ |
| ၃၀ | အမှတ်(၂)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၂၄၅၀ | ၁၅၆၄ | ၈၈၆ | ၈၈၆ | | |
| ၃၁ | အမှတ်(၃)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၁၉၅၀ | ၁၂၃၀ | ၇၂၀ | ၇၂၀ | | |
| ၃၂ | အမှတ်(၄)ရပ်ကွက်၊ ကျုံဒိုး | ၁ | ၂၀၀၀ | ၁၂၃၄ | ၈၆၆ | ၆၆ | ၈၀၀ | |
| ၃၃ | ကော့ဝါလဲကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၁၉၄၄ | ၁၇၀၆ | ၁၇၀၃ | ၃ | |
| ၃၄ | ရေပူကြီးကျေးရွာအုပ်စု | ၃ | ၆၁၅၀ | ၂၇၇၃ | ၃၃၇၇ | ၃၁၇၉ | ၁၉၈ | |
| ၃၅ | မြောက်ကမ္မရိုက်ကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၆၆၁ | ၁၅၃၉ | ၁၅၃၉ | | |
| ၃၆ | တောင်ကမ္မရိုက်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၆၄၈ | ၆၅၂ | ၆၅၄ | | ၂ |
| ၃၇ | သမိန်ဒွတ်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၃၇၄ | ၁၆၇၆ | ၁၆၇၅ | ၁ | |
| ၃၈ | ဝင်းကကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၅၆၇ | ၁၁၃၃ | ၁၁၃၃ | | |
| ၃၉ | ထီဟူးသံကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၃၄၄ | ၁၅၀၆ | ၈၄၅ | ၆၆၁ | |
| ၄၀ | တောင်ကြာအင်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၁၁ | ၉၃၉ | ၉၃၉ | | |
| ၄၁ | လောင်းကိုင်ကျေးရွာအုပ်စု | ၂ | ၄၂၀၀ | ၂၁၁၄ | ၂၀၈၆ | ၂၀၈၈ | | ၂ |
| ၄၂ | အနောက်ဘက်ကမ်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၀၇၀ | ၁၃၈၀ | ၁၃၈၂ | | ၂ |
| ၄၃ | ကမ်းနီကျေးရွာအုပ်စု | ၃ | ၆၀၀၀ | ၂၈၄၇ | ၃၁၅၃ | ၃၁၄၃ | ၁၀ | |
| ၄၄ | မိကလုံကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၁၄၁ | ၉၅၉ | ၉၅၈ | ၁ | |
| ၄၅ | ကုလားကျောက်ဖျာကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၆၄ | ၇၈၆ | ၇၈၆ | | |
| ၄၆ | ကရင်ကျောက်ဖျာကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၁၆၄၆ | ၁၇၀၄ | ၁၇၀၄ | | |
| ၄၇ | ကော့လျှမ်းကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၃၉၅ | ၁၆၀၅ | ၁၆၀၄ | ၁ | |
| ၄၈ | ဖါးဘုတ်ကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၁၃၆၁ | ၁၉၈၉ | ၁၉၈၉ | | |
| ၄၉ | အီဘိုင်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၀၀ | ၈၀၀ | ၈၀၂ | | ၂ |
| ၅၀ | ကညင်ကတိုက်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၀၇၀ | ၉၈၀ | ၉၈၀ | | |
| ၅၁ | ခရစ်ကျောက်တန်းကျေးရွာအုပ်စု | ၃ | ၅၆၅၀ | ၂၄၇၇ | ၃၁၇၃ | ၃၁၇၇ | | ၄ |
| ၅၂ | မင်းရွာကျေးရွာအုပ်စု | ၅ | ၈၄၀၀ | ၄၀၂၃ | ၄၃၇၇ | ၄၃၆၇ | ၁၀ | |
| ၅၃ | ကော့ပေါက်ကျေးရွာအုပ်စု | ၄ | ၇၃၀၀ | ၂၉၈၀ | ၄၃၂၀ | ၄၂၂၀ | ၁၀၀ | |
| ၅၄ | ကော့ဘိန်းကျေးရွာအုပ်စု | ၈ | ၁၄၄၀၀ | ၆၀၄၃ | ၈၃၅၇ | ၇၉၅၆ | ၄၀၁ | |
| ၅၅ | ကော့ဂိုးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၁၀၀ | ၁၃၀၀ | ၁၃၀၀ | | |
| ၅၆ | ပိုင်ရပ်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၀၁၃ | ၁၀၃၇ | ၁၀၃၉ | | ၂ |
| ၅၇ | ခရင်းကျေးရွာအုပ်စု | ၃ | ၄၃၅၀ | ၁၉၃၆ | ၂၄၁၄ | ၂၄၀၄ | ၁၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၃ | ၂၀၄၀၀ | ၁၀၁၈၉၃ | ၁၀၅၅၀၇ | ၁၀၁၀၆၅ | ၄၅၀၈ | ၆၆ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ် | | ၁၃၄၄ | ၁၃၄၄ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၂၁၀၁၈ | | ၂၁၀၁၈ | ၂၁၀၁၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၃ | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |

## ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စု၊ မဲရုံပေါင်း ၁၂၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၇၇၂၄၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၂၃၄၀ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၉၄၉၀၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၆၇၁၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၄၅၅၀ | ၈၁၆၂၀ | ၈၂၉၃၀ | ၆၄၇၄၀ | ၁၈၆၀၈ | ၄၁၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၂၀ | ၇၂၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၉၇၆ | | ၁၁၉၇၆ | ၁၁၉၇၆ | | |
| | စုစုပေါင်း | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |

၁၂။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စု မဲရုံပေါင်း ၁၂၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၈၆၀၈ ပျောက်ဆုံးနေပြီး ၄၁၈ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၇၂၀ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၁၃။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၉၅၀ | ၁၂၄၉ | ၇၀၁ | ၇၀၁ | | |
| ၂ | အမှတ်(၂)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၀၅၀ | ၈၁၆ | ၂၃၄ | ၂၃၄ | | |
| ၃ | အမှတ်(၃)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၂၀၀ | ၇၇၈ | ၄၂၂ | ၃၇၄ | ၄၈ | |
| ၄ | အမှတ်(၄)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၅၅၀ | ၄၂၀ | ၁၃၀ | ၁၃၂ | | ၂ |
| ၅ | အမှတ်(၅)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၇၅၀ | ၆၂၅ | ၁၂၅ | ၁၂၅ | | |
| ၆ | အမှတ်(၆)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီး | ၁ | ၁၃၅၀ | ၁၁၅၄ | ၁၉၆ | ၅၂ | ၁၄၄ | |
| ၇ | ကြာအင်းရွှေဒိုးကျေးရွာအုပ်စု | ၆ | ၅၉၀၀ | ၃၂၇၁ | ၂၆၂၉ | ၁၉၈၃ | ၆၄၆ | |
| ၈ | ရွှေတောင်ဘိုကျေးရွာအုပ်စု | ၂ | ၄၀၅၀ | ၁၉၀၇ | ၂၁၄၃ | ၇၉၃ | ၁၃၅၀ | |
| ၉ | ကမော့ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၄၃ | ၈၀၇ | ၈၀၃ | ၄ | |
| ၁၀ | သံပုရာကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၁၅၁ | ၁၅၉၉ | ၁၀၀၅ | ၅၉၄ | |
| ၁၁ | ကျခတ်ချောင်းကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၀၄၅ | ၁၅၀၅ | ၁၅၀၅ | | |
| ၁၂ | ဒါလီကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၃၇ | ၃၆၃ | ၄၆၅ | | ၁၀၂ |

စာမျက်နှာ ၂၁ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁၃ | နတ်ချောင်းကမ်းနားကျေးရွာအုပ်စု | ၄ | ၄၉၀၀ | ၂၈၀၃ | ၂၀၉၇ | ၂၁၀၁ | | ၄ |
| ၁၄ | နတ်ချောင်းအလယ်ကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၄၂၇ | ၁၂၂၃ | ၅၈၀ | ၆၄၃ | |
| ၁၅ | ရသေ့ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၃၈ | ၅၆၂ | ၃၁၂ | ၂၅၀ | |
| ၁၆ | အမှတ်(၁)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၆၅၀ | ၄၆၈ | ၁၈၂ | ၁၃၄ | ၄၈ | |
| ၁၇ | အမှတ်(၂)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၂၅၀ | ၁၆၃ | ၈၇ | ၈၉ | | ၂ |
| ၁၈ | အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၇၅၀ | ၅၉၉ | ၁၅၁ | ၂၀၁ | | ၅၀ |
| ၁၉ | အမှတ်(၄)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၅၀၀ | ၄၀၂ | ၉၈ | ၉၈ | | |
| ၂၀ | အမှတ်(၅)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၆၅၀ | ၃၆၁ | ၂၈၉ | ၂၃၉ | ၅၀ | |
| ၂၁ | အမှတ်(၆)ရပ်ကွက်၊ ကျိုက်ဒုံ | ၁ | ၂၅၀ | ၁၆၄ | ၈၆ | ၈၆ | | |
| ၂၂ | မိတန်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၅၅၅ | ၁၃၉၅ | ၁၃၉၈ | | ၃ |
| ၂၃ | ကမော့သဲ(ဝင်းလုံ)ကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၂၇၂ | ၁၆၂၈ | ၁၆၂၈ | | |
| ၂၄ | အဇင်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၉၇ | ၉၀၃ | ၉၅၅ | | ၅၂ |
| ၂၅ | နောင်တခိုကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၃၉၉ | ၁၀၅၁ | ၅၅၁ | ၅၀၀ | |
| ၂၆ | ထီဝါကလူးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၃၃၀ | ၄၂၀ | ၄၂၀ | | |
| ၂၇ | တောင်ဝိုင်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၄၃၂ | ၁၄၆၈ | ၉၆၈ | ၅၀၀ | |
| ၂၈ | ခွီးကလုံကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၀၃ | ၈၄၇ | ၈၉၇ | | ၅၀ |
| ၂၉ | ဖားကွီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၆၉၄ | ၇၅၆ | ၇၅၂ | ၄ | |
| ၃၀ | တောင်ကလေးကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၂၈၇ | ၁၇၆၃ | ၁၆၆၃ | ၁၀၀ | |
| ၃၁ | လယ်တောကြီးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၅၆၈ | ၁၁၈၂ | ၁၁၇၉ | ၃ | |
| ၃၂ | ပိုင်ကလာဒုံကျေးရွာအုပ်စု | ၁ | ၉၅၀ | ၂၉၈ | ၆၅၂ | ၆၅၂ | | |
| ၃၃ | မိနအကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၈၅၅ | ၆၄၅ | ၆၉၇ | | ၅၂ |
| ၃၄ | ခနိုးကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၃၀၁ | ၁၂၄၉ | ၁၂၅၁ | | ၂ |
| ၃၅ | ကစပ်ကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၁၁၇၇ | ၁၆၂၃ | ၁၆၂၃ | | |
| ၃၆ | ဆိပ်ကလေးကျေးရွာအုပ်စု | ၆ | ၁၂၂၅၀ | ၆၉၀၁ | ၅၃၄၉ | ၄၅၅၄ | ၇၉၅ | |
| ၃၇ | ခလယ်စောကျေးရွာအုပ်စု | ၅ | ၃၅၀၀ | ၁၆၀၄ | ၁၈၉၆ | ၁၈၉၃ | ၃ | |
| ၃၈ | ခွေးသိုးဆိပ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၀၈ | ၂၄၂ | ၂၄၂ | | |
| ၃၉ | ခလယ်ကျေးရွာအုပ်စု | ၅ | ၅၈၅၀ | ၄၀၈၄ | ၁၇၆၆ | ၁၇၁၆ | ၅၀ | |
| ၄၀ | တံခွန်တိုင်ကျေးရွာအုပ်စု | ၆ | ၆၈၅၀ | ၄၆၁၃ | ၂၂၃၇ | ၂၃၃၆ | | ၉၉ |
| ၄၁ | တောင်ဒီးကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၂၆၆၆ | ၇၃၄ | ၄၃၄ | ၃၀၀ | |
| ၄၂ | ဝင်းရော်ဆိပ်ကြီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၈၃၁ | ၆၁၉ | ၅၁၈ | ၁၀၁ | |
| ၄၃ | အကလောကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၀၉ | ၂၉၁ | ၂၉၁ | | |
| ၄၄ | ကွမ်ကသောင်ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၀၇၁ | ၁၀၇၉ | ၉၈၁ | ၉၈ | |
| ၄၅ | အမှတ်(၁)ရပ်ကွက်၊ ဘုရားသုံးဆူ | ၂ | ၄၉၅၀ | ၂၂၉၀ | ၂၆၆၀ | ၁၅၁၀ | ၁၁၅၀ | |
| ၄၆ | အမှတ်(၂)ရပ်ကွက်၊ ဘုရားသုံးဆူ | ၁ | ၂၂၅၀ | ၁၂၈၂ | ၉၆၈ | ၆၈ | ၉၀၀ | |
| ၄၇ | အမှတ်(၃)ရပ်ကွက်၊ ဘုရားသုံးဆူ | ၃ | ၆၄၅၀ | ၃၅၇၄ | ၂၈၇၆ | ၁၁၃၅ | ၁၇၄၁ | |
| ၄၈ | အမှတ်(၄)ရပ်ကွက်၊ ဘုရားသုံးဆူ | ၂ | ၄၄၀၀ | ၁၉၈၅ | ၂၄၁၅ | ၂၄၁၅ | | |
| ၄၉ | ပြောင်မထိမ်ကျေးရွာအုပ်စု | ၇ | ၁၆၉၀၀ | ၄၇၆၄ | ၁၂၁၃၆ | ၁၁၉၃၉ | ၁၉၇ | |
| ၅၀ | ကျုံခဝန်ကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၂၇၀၂ | ၁၂၉၈ | ၁၂၉၂ | ၆ | |
| ၅၁ | ဖားပြကျေးရွာအုပ်စု | ၇ | ၂၀၈၀၀ | ၅၆၄၇ | ၁၅၁၅၃ | ၆၇၇၀ | ၈၃၈၃ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၀ | ၁၆၄၅၅၀ | ၈၁၆၂၀ | ၈၂၉၃၀ | ၆၄၇၄၀ | ၁၈၆၀၈ | ၄၁၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၂၀ | ၇၂၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၉၇၆ | | ၁၁၉၇၆ | ၁၁၉၇၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၀ | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်
# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဧပြီ ၂၂**

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၄) ကို ဧပြီ ၂၃ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၄)၏ COVID–19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ဝိုင်းလမင်းအောင်နှင့် ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဧပြီ ၂၃ ရက်နှင့် ဧပြီ ( ၂၄၊ ၂၅) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မေ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၃ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၁-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၁၃)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၃,၅၀၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၈၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၂၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလက်ရွေးစင် ဂျူဒိုအားကစားသမားများ စခန်းသွင်းလေ့ကျင့်



**နေပြည်တော် မေ ၂၂**

ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လေ့ကျင့်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး ဂျူဒိုအားကစား လေ့ကျင့်ရေးဝတ်စုံများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ အားကစားသမားများအား စိတ်ဓာတ်မြှင့်တင်အားပေးစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် လေ့ကျင့်ရေးစခန်းရှိ Gym အားကစားလေ့ကျင့်ရေးခန်းမ၌ Gym အားကစားလေ့ကျင့်ပစ္စည်းများ၊ ပဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ အားကစားစားရိပ်သာ၌ အားကစားဆေးဘက်ဌာန ညွှန်ကြားချက်များနှင့်အညီ သန့်ရှင်းစွာ ချက်ပြုတ်နေမှုတို့ကိုလည်းကောင်း စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၂ မှ



ဒေါက်တာသူရိန်စိုး(ဇန်းမော်ပြည်သူ့ဆေးရုံ)ကို ဆေးကုသခွင့်ပေးထားသည့် "စိန်သစ္စာ"ဆေးရုံအား တွေ့ရစဉ်။



ဒေါက်တာသူရိန်စိုး



ဒေါက်တာရာဇာထွန်း(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် သွားနှင့်ခံတွင်းဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာရာဇာထွန်း



ဒေါက်တာမြသဲဖြူ(လားရှိုးပြည်သူ့ဆေးရုံကြီး) ဆေးကုသနေသည့် သားဖွားမီးယပ်အထူးကုဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာမြသဲဖြူ




ဒေါက်တာအောင်လင်းဖြိုး(နောင်ချိုပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် "မိဘမေတ္တာ"ဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာအောင်လင်းဖြိုး

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# မတရားအသင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)က တရားမဝင် စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထား

**နေပြည်တော် မေ ၂၂**

မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(Committee Representing Pyidaungsu Hluttaw-CRPH)သည် ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရကို အဖွဲ့ဝင်(၁၄)ဦးဖြင့် တရားမဝင်ဖွဲ့စည်းခဲ့ကြောင်းနှင့် ဒုတိယဝန်ကြီး (၁၂)ဦးကိုလည်း တရားမဝင်ခန့်အပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းနေ့၌ပင် အဆိုပါ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည် Video Conferencing ဖြင့် CRPH က တင်မြှောက်သည့် နာယက မကွေးတိုင်းဒေသကြီး၊ အမှတ်(၆) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ဟောင်း) ဦးအောင်ကြည်ညွန့်က ဦးဆောင်ပြီး CRPH အဖွဲ့ဝင် သာကေတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ဟောင်း) ဒေါက်တာဝေဖြိုးအောင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်၍ ကျမ်းသစ္စာကျိန်ဆိုပွဲပြုလုပ်ကြောင်း တွေ့ရှိရသည်။

CRPH က ထိုသို့ တရားမဝင်စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်တည်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား ဖြိုဖျက်ရန် အားထုတ်ရာရောက်သဖြင့် စင်ပြိုင်အစိုးရဖွဲ့ရာတွင်ပါဝင်သူများ၊ အစိုးရဖွဲ့နိုင်ရန် ပါဝင်ဆောင်ရွက်သူများသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ လည်းကောင်း၊ မတရားအသင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)က ဖွဲ့စည်းသော အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ ယင်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များတွင် ပါဝင်ခြင်းကြောင့် မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၇(၁)အရလည်းကောင်း ပြစ်မှုကျူးလွန်ရာရောက်သဖြင့် တရားမဝင်စင်ပြိုင်အစိုးရအဖွဲ့တွင် ပါဝင်သူများ၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ထားသူများနှင့် စင်ပြိုင်အစိုးရဖွဲ့စည်းရာတွင် ပါဝင်ဆောင်ရွက်သူများဖြစ်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သက်ဆိုင်ရာတရားရုံးများနှင့် ရဲစခန်းအသီးသီးတွင် တရားစွဲဆိုခြင်း၊ အမှုဖွင့်အရေးယူခြင်းများ ဆောင်ရွက်ထားရှိကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားရှိသည်-

(၁) ဒူဝါလရှီးလ
(၂) မန်းဝင်းခိုင်သန်း
(၃) ဒေါ်ဇင်မာအောင်
(၄) ဦးလွင်ကိုလတ်
(၅) ဦးရည်မွန်
(၆) ဒေါက်တာ လျန်မှုန်းဆာခေါင်း
(၇) ဦးတင်ထွန်းနိုင်
(၈) ဒေါက်တာ ဝင်းမြတ်အေး
(၉) ဒေါက်တာ ဆာဆာ
(၁၀) ဒေါက်တာ ဇော်ဝေစိုး
(၁၁) ဒေါက်တာ တူးခေါင်
(၁၂) နော်ဆူဇန်နာလှလှစိုး
(၁၃) ဦးမိုးဇော်ဦး
(၁၄) ခူထဲဘူး
(၁၅) ဒေါ်ခင်မမျိုး
(၁၆) နိုင်ကောင်းရွက်
(၁၇) ဦးချစ်ထွန်း
(၁၈) မိုင်းဝင်းထူး
(၁၉) မင်းဇေယျာဦး
(၂၀) နော်ထူးဖော
(၂၁) ဂျာထွယ်ပန်
(၂၂) ဒေါက်တာ ရွှေပုံ
(၂၃) ခွန်းဘီထူး
(၂၄) ဒေါ်အိသဉ္ဇာမောင်
(၂၅) ဦးအောင်ကြည်ညွန့်
(၂၆) ဒေါက်တာ ဝေဖြိုးအောင်

သတင်းစဉ်


ဒူဝါလရှီးလ


မန်းဝင်းခိုင်သန်း


ဒေါ်ဇင်မာအောင်


ဦးလွင်ကိုလတ်


ဦးရည်မွန်


ဒေါက်တာ လျန်မှုန်းဆာခေါင်း


ဦးတင်ထွန်းနိုင်


ဒေါက်တာ ဝင်းမြတ်အေး


ဒေါက်တာ ဆာဆာ


ဒေါက်တာ ဇော်ဝေစိုး



ဒေါက်တာ တူးခေါင်


နော်ဆူဇန်နာလှလှစိုး


ဦးမိုးဇော်ဦး


ခူထဲဘူး


ဒေါ်ခင်မမျိုး


နိုင်ကောင်းရွက်


ဦးချစ်ထွန်း


မိုင်းဝင်းထူး

စာမျက်နှာ ၂၅ သို့ »»

»» စာမျက်နှာ ၂၄ မှ


မင်းဇေယျာဦး


နော်ထူးဖော


ဂျာထွယ်ပန်


ဒေါက်တာ ရွှေပုံ


ခွန်းဘီထူး


ဒေါ်အိသန္တာမောင်


ဦးအောင်ကြည်ညွန့်


ဒေါက်တာ ဝေဖြိုးအောင်

○ မန်စီးတီးအသင်းမှ

မန်စီးတီးအသင်းနောက်ခံလူ ဂျွန်စတုန်း တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသလို အက်စ်တွန်ဗီလာ ကစားသမား မက်တီကက်ရှ် လည်း ပွဲကစားချိန် ၅၇ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။ နောက်ခံလူ ဂျွန်စတုန်းဟာ သူ့ရဲ့ပရီမီယာလိဂ်ကစားသမား ဘဝမှာ ပထမဆုံးအကြိမ် တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခြင်းခံခဲ့ရတာလည်း ဖြစ်ပါတယ်။

သွင်းယူပေးထား

ယခုပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖီးလ်ဖိုဒန်ဟာ ယခုနှစ်ဘောလုံးရာသီမှာ သွင်းဂိုး ၂၃ ဂိုးအထိ တိုက်ရိုက်ပတ်သက်မှုရှိနေပြီး ၁၄ ဂိုးသွင်းယူပေးထားကာ ကိုးဂိုး ဖန်တီးပေးထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်း ၁၀ ပွဲစလုံး အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ပြီး အက်စ်တွန်ဗီလာအသင်း နည်းပြ ဒီယန်စမစ်ကတော့ သူ့ရဲ့နည်းပြဘဝမှာ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်ငါးပွဲစလုံးရှုံးနိမ့်ခဲ့တဲ့ မှတ်တမ်းဆိုးကို ရရှိခဲ့တာ ဖြစ်ပါတယ်။

နီးစပ်မှုရှိနေ

အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့ကာ ရာသီသိမ်းဖို့ ငါးပွဲအလိုမှာ ၁၁ မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်လာဖို့ နီးစပ်မှုရှိနေပြီလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် မေ ၂၅ ရက်(တနင်္ဂနွေနေ့)မှာ စပါးအသင်းနဲ့ ကာရာဘောင်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ် ကစားရမှာဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းကတော့ အဲဒီနေ့မှာ ဝက်စ်ဘရွန်းအသင်းနဲ့ ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုလာမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူနှင့် လက်ဝယ်ထားရှိသူများအား ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာမှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မေ ၂၁ ရက်နေ့ နံနက် ၈ နာရီ ၅၅ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာနေ ရှမ်းလေး(ခ)ကျော်သူ(ခ)ကျော်သူအောင်(၂၈)နှစ် (ဘ)ဦးအောင်ငွေ၏ နေအိမ်အား သတင်းအရ သွားရောက်ရှာဖွေရာ ရှမ်းလေး(ခ)ကျော်သူ(ခ)ကျော်သူအောင်အား အသင့်တွေ့ရှိပြီး နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ ပြုလုပ်ဆဲ လက်လုပ်သေနတ်ကိုယ်ထည် သုံးခု၊ ဓားရှည် နှစ်ချောင်း၊ ဓားမြှောင် လေးချောင်း၊ ဓားမ တစ်လက်၊ လေးခွ သုံးလက်၊ ကုံးသီး အလုံး ၃၀၊ ဖန်ဂေါ်လီ အလုံး ၂၀၊ ပိုက်ဖြတ်လွှ တစ်ချောင်း၊ ကော်ပိုက် ၁၀ ချောင်း၊ ဆောက် နှစ်လက်၊ ဂက်စ်ဘူး နှစ်ဘူးနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဆယ်စုကျေးရွာအနီးအရောက်၌ ဆယ်စုကျေးရွာမှ နေပြည်တော်သို့ ရွာမကျေးရွာနေ သန်းတိုးအောင်(ခ)သူရဲ(၂၂)နှစ် (ဘ)ဦးအောင်မြင့် မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်လင်းအောင် (၁၉)နှစ် (ဘ)ဦးအောင်ကျော်ငြိမ်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ကျော်လင်းအောင် ကိုင်ဆောင်လာသော ဂျပ်ဖာအတွင်းမှ လက်လုပ်လေသေနတ် တစ်လက်နှင့် သန်းတိုးအောင်(ခ)သူရဲ လွယ်ထားသော လွယ်အိတ်အတွင်းမှ သံဘောစေ့ အလုံး ၅၀ တို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးအဖွဲ့က သန်းတိုးအောင်(ခ)သူရဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ လက်လုပ်သေနတ်ပြုလုပ်ရာတွင် အသုံးပြုသော စတီးပိုက် သုံးချောင်း၊ လက်လုပ်သစ်သားဒင် တစ်ခု၊ နေအိမ်ဗီရိုအတွင်းမှ လေသေနတ်စပရိန် နှစ်ချောင်း၊ လုပ်သေနတ်ခလုတ် တစ်ခု၊ ဖောက်စက် တစ်ခု၊ ကျောက်စက် တစ်ခုနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။


တရားခံ ရှမ်းလေး(ခ) ကျော်သူ(ခ) ကျော်သူအောင်

အလားတူ ညနေ ၃ နာရီခွဲအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုသိမ်ညွှန့်ရပ်ကွက် တိုက်အမှတ်(၈၃) ၇ လွှာလှေကားထိပ် ထပ်ခိုးပေါ်၌ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါနေရာမှ ပိုတက်စီယမ်နိုက်ထရိတ် ၁၀ ပေါင်ခန့်၊ ကန့် ငါးပေါင်ခန့်၊ ယမ်းမှုန့် ၂၅ ကျပ်သားခန့်၊ အရှည် ၁၄ လက်မခန့်ရှိ ယမ်းကြိုး အချောင်း ၅၀၊ အက်စစ်ထည့်ထားသည့် ပုလင်းသေး ငါးလုံး၊ စီလီကွန်ဂန်း တစ်ခု၊ ယမ်းစစ်ဆန်ခါ တစ်ခု၊ ယမ်းထောင်းကျည်ပွေ့ တစ်စုံ၊ လေမှုတ်စက် တစ်ခု၊ တစ်ဖက်ချွန်သံချောင်း နှစ်ချောင်း၊ ကတ်ကြေး တစ်ခု၊ ဆန့်ကျင်စာသားများ ရေးသားထားသော ပိုစတာများအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် ဆင်ဖြူစျေးမှ မူဆယ်သို့ ကောင်းမှုတုံရပ်ကွက်နေ နောင်လတ်(၂၃)နှစ် (ဘ)ဦးဘရန်ဂျာ မောင်းနှင်ပြီး ဟိုမွန်ရပ်ကွက်နေ လျှန်းဆိုင်(၂၆)နှစ် (ဘ)ဦးချစ်ဖွယ် လိုက်ပါလာသော 9l-7242 Wish ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ဂက်စ်ထည့်၍ ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် လှေခုတ်ကျေးရွာနေ အောင်လှ(၅၄)နှစ် (ဘ)ဦးချစ်တင်၏ နေအိမ်တွင် ဂျင်ကလိပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ၎င်းအား နေအိမ်တွင်မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဂျင်ကလိ ၁၀ ချောင်း၊ မီးခြစ်ဆံ ဖြောက် အချောင်း ၂၀၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကြက်လျှာကျေးရွာနေ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော မြို့နယ် NLD ဥက္ကဋ္ဌဟောင်းဖြစ်သူ ကျော်ဝင်းအား ၎င်း၏နေအိမ်တွင် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ကျော်ဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်း၏ နေအိမ်မှ PSI စက်တစ်လုံးအား သိမ်းဆည်းရမိခဲ့ပြီး ကျော်ဝင်းအိမ်အနီးရှိ ကြက်ခြံကို ဝင်ရောက်ရှာဖွေစဉ် ကြက်ခြံပိုင်ရှင် ကျော်အောင်(၃၇)နှစ် (ဘ)ဦးထွန်းမြင့်အား လက်လုပ်သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ည ၉ နာရီ ၃၅ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ စိုးမြတ်မင်း(စိစစ်ဆဲ)၏ နေအိမ်၌ ဆန္ဒပြရာတွင်အသုံးပြုသော ပစ္စည်းများ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ စိုးမြတ်မင်းအား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဦးထုပ် ၁၄ လုံး၊ ဓာတ်ငွေ့ကာခြောက်ခု၊ ဖန်ဂေါ်လီ ၁၀ လုံး၊ ကုံးသီး ၁၀ လုံး၊ လေးခွ နှစ်လက်၊ ဓားရှည် နှစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ၎င်း၏အိမ်ဘေးကပ်လျက်ရှိ စိုးမြတ်မင်း၏ တူတော်စပ်သူ ထူးကိုကို(ခ)ဘိုထူ(၂၈)နှစ် (ဘ)ဦးတင်ထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ထူးကိုကို(ခ)ဘိုထူအား တွေ့ရှိထိန်းသိမ်းပြီး နေအိမ်အတွင်းမှ လေသေနတ် တစ်လက်၊ လေးခွ နှစ်လက်၊ ကုံးသီး ၁၉ လုံးနှင့် သံဘောစေ့ ကိုးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၂ ရက် နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် ရတနာပုံ (၄)လမ်း တိုက်အမှတ်(၆၁၀) ၆ လွှာသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ မင်းသိန်းကျော်(၁၈)နှစ်(ဘ)ဦးဇော်မင်းထွန်းပါ အမျိုးသား ခုနစ်ဦးနှင့်အတူ ကျည်ကာ အင်္ကျီ ငါးထည်၊ ရှူးဖိနပ် ရှစ်ရံ၊ နှာခေါင်းစွပ် ခုနစ်ခု၊ လက်လုပ်မိုင်း ငါးလုံး၊ မြောက်လိပ် ၁၁ ခုပါ လေးထုပ်၊ သံစက္ကူ အခု ၅၀၊ သံဘောစေ့ နှစ်ထုပ်၊ ယမ်းကြိုး ၁၀ ချောင်း၊ ကန့်ထုပ် တစ်ထုပ်၊ အောက်ဆီဂျင်ဘူး သုံးဘူးတို့အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး

မောင်တင်လှိုင် (ဟိုတယ် / ခရီး)

**မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးတွင် အံ့သြကြည်ညိုဖွယ်ရာ တန်ခိုးတော်များ ရှိလေသည်။ အင်္ဂလိပ်နယ်ချဲ့တို့က ဇလွန်မြို့မှ အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်သွားပြီး ထုရိုက်ခြင်း၊ အရည်ကျိုခြင်း ပြုလုပ်ရာတွင် လုံးဝဖျက်ဆီး၍ မရပေ။ ၁၂၈၀ ပြည့်နှစ်အတွင်း ကမ်းနားယာယီစံကျောင်းတော်၌ သီတင်းသုံးနေစဉ် ရေကြီးခြင်းဘေးနှင့်ကြုံရသော်လည်း မာရ်အောင်မြင်ဆင်းတုတော်ကြီးမှာ ရေကန်တော့ ထိုးနေခဲ့သည်။ အခြားဆင်းတုတော်များ ရေမြုပ်နေခဲ့သည်။ မြန်မာပြည်သို့ပြန်ပို့ခဲ့ရသည်မှာ ဘုရားကြီး၏ အံ့သြကြည်ညိုဖွယ်ရာ တန်ခိုးတော်ဖြစ်ကြောင်း ထင်ရှား။**



မာရ်အောင်မြင်ပြည်တော်ပြန် ရုပ်ပွားဆင်းတုတော်မြတ်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိပါသည်။ မြတ်စွာဘုရားကိုယ်ပွားကိုယ်စားတော်အဖြစ် ကြည်ညိုဖွယ်ဖူးမြော်နိုင်ကြပါသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိကာ ဝါတော် ၂၀ ခန့်ရောက်တော်မူသည်တွင် ရက္ခပူရတိုင်း ဓညဝတီရခိုင်ပြည်၌ သီရိရာဇာမင်းနှင့် မိဖုရားဝိဖလဒေဝီတို့က သားတော် စန္ဒသူရိယကို ဖွားမြင်သည်။ သီရိရာဇာမင်းသည် သက်တော် ၅၇ နှစ်တွင် နတ်ရွာစံခဲ့လေသည်။

သားတော် စန္ဒသူရိယမင်းသားသည် စန္ဒမာလာမင်းသမီးကို မိဖုရားမြှောက်၍ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံလာခဲ့လေသည်။ ထိုစဉ် မဇ္ဈိမဒေသ (အိန္ဒိယပြည်)၌ မြတ်ဘုရားပွင့်သည့် အခါသမယဖြစ်လေသည်။ စန္ဒသူရိယမင်း၏ နှမငယ်ဖြစ်သော ဥဒမ္ဗရဒေဝီမင်းသမီးသည် အစ်ကိုတော်၏ မြတ်စွာဘုရားအား ဖူးမြော်စေလိုသောဆန္ဒကို ရည်စူး၍ ဆီမီး၊ ပန်း၊ နံ့သာ၊ ပေါက်ပေါက်တို့ဖြင့် မြတ်စွာဘုရားအား ပင့်လျှောက်လေသည်။ စန္ဒသူရိယမင်းလည်း ပညာရှိတို့စကားအတိုင်း ဝမ်းမြောက်ဝမ်းသာနာယူလျက် ခုနစ်ရက်တိုင်တိုင် ပူဇော်ပင့်လျှောက်ခဲ့သည်။

### နိမ္မိတရုပ်ပွားတည်ထားသွန်းလုပ်

ဂေါတမမြတ်စွာဘုရားလည်း ဇေတဝန်ကျောင်းတော်၌ စံပယ်တော်မူနေစဉ် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူသောအခါ စန္ဒသူရိယမင်း၏ ပင့်လျှောက်မှုကို မြင်တော်မူခဲ့သည်။ မြတ်စွာဘုရားနှင့် စန္ဒသူရိယမင်းတို့သည် ဘဝပေါင်း ၄၀ လုံးလုံး ချစ်ခင်ရင်းနှီးသူအဖြစ် နေထိုင်တော်စပ်ခဲ့ဖူးကြောင်း မြင်တော်မူသည်။ စန္ဒသူရိယမင်းထံကြွပြီး ရုပ်ပွားဆင်းတုတော်များ ဖန်ဆင်းခွင့်ပြုပေးခြင်းဖြင့် **"ငါဘုရားသာသနာ စည်ပင်ထွန်းကားလိမ့်မည်"** ဟူ၍လည်း မြင်တော်မူခဲ့သည်။ သို့ဖြစ်ရာ မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လတွင် ညီတော်အာနန္ဒာနှင့်တကွ ရဟန္တာ ၅၀၀ ခြံရံတော်မူ၍ စန္ဒသူရိယမင်းထံ ကြွတော်မူခဲ့သည်။ စန္ဒသူရိယမင်းသည် လွန်စွာကြည်ညိုလေသည်။ မြတ်စွာဘုရားသည် ဓညဝတီမှ ကြွတော့မည်ဖြစ်ကြောင်း မိန့်တော်မူလေသော် စန္ဒသူရိယမင်းသည် မြတ်စွာဘုရားအား မင်းနှင့်တကွ ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်ဆည်းကပ် ကိုးကွယ်နိုင်ရန် အရှင်ဘုရားကိုယ်စား နိမ္မိတရုပ်ပွားတော်ကို တည်ထားသွန်းလုပ် ခွင့်ပြုတော်မူရန် လျှောက်ထားခဲ့သည်။ မြတ်စွာဘုရားသည် နှစ်သက်ကြည်ဖြူသဘောတူ ခွင့်ပြုတော်မူလေသည်။

စန္ဒသူရိယမင်းသည် သာသနာတော်အရှည်တည်တံ့ရန်နှင့် မြတ်စွာဘုရားအား ကြည်ညိုစိတ်ဖြင့် ရုပ်ပွားတော်သွန်းလုပ်စီမံဆောင်ရွက်ခဲ့လေသည်။ ဗုဒ္ဓပူဇနိယသဘင်ကြီးကို သီရိဂုဏ်တောင်တော်ပေါ်တွင် ခုနစ်ရက်ပတ်လုံး ဗုဒ္ဓပူဇနိယကျင်းပရာ စကြဝဠာအရပ်ရပ်မှ လာကြကုန်သော လူ၊နတ်၊ဗြဟ္မာ၊ သိကြား၊ ပရိသတ်အားလုံးတို့၏ လှူဒါန်းပါဝင်သော ရတနာမျိုးစုံ ၆၅ တင်းမျှ ရရှိခဲ့လေသည်။ မြတ်စွာဘုရားက သိကြားမင်းနှင့် ဝိသုကြံနတ်သားတို့ကို ခေါ်တော်မူ၍ ငါ၏ကိုယ်နှင့် အတိုင်းအရှည်ပမာဏ ညီမျှမှန်ကန်သော ရုပ်ရှင်တော်မြတ်ကို သွန်းလုပ်စေဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားကိုယ်တော်တိုင် ရတနာမျိုးစုံတို့ကို အပ်နှင်းပေးသနားတော်မူလေသည်။ သို့ဖြစ်ရာ မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လပြည့်( ဗုဒ္ဓဟူးနေ့) ညနေချမ်းအချိန်အခါသမယတွင် စတင်သွန်းလုပ်ကြလေသည်။

### ဦးခေါင်းတော်မှာ မဆက်စပ်ဘဲကွာဟ

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဉာဏ်တော်မှာ ဓမ္မစက်အလွတ် (ခြောက်တောင်တစ်မိုက်) ရှိပြီး ဘူမိဖဿမုဒြာ (တင်ပျဉ်ခွေ)ထိုင်တော်မူပုံဖြစ်ပါသည်။ သွန်းလုပ်ပြီးသောအခါတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဦးခေါင်းတော်မှာ မဆက်စပ်ဘဲ ကွာဟနေသဖြင့် သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူခဲ့လေသည်။ သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူသော်လည်း ကွာဟမြဲကွာဟနေသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့တော်လှုံ့ပြီး လက်ဝါးတော်နှင့် ခုနစ်ကြိမ် သုံးသပ်တော်မူမှ ချောမောစွာ ဆက်စပ်တော်မူလေသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် **" ညီတော်မုနိ ငါ၏ကိုယ်စား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏စီးပွားချမ်းသာစေရန်ဆောင်ရွက်ပါလော့"** ဟု မိန့်တော်မူခဲ့လေသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသွန်းလုပ်ပြီးချိန်တွင် ရွှေ၊ ငွေ၊ ကြေး ကျောက်မျက်ရတနာများ ပိုလျှံကျန်ရစ်နေသေးသည်။

သို့ဖြစ်ရာ မြတ်စွာဘုရားအား ဆက်လက်လျှောက်ထားပြန်ရာ ခွင့်ပြုတော်မူသဖြင့် နောက်ထပ် ဗုဒ္ဓရုပ်ပွားတော်သုံးဆူကို ဆက်လက်သွန်းလုပ်ကြပြန်သည်။ ပထမသွန်းလုပ်ပြီးသော မုနိမှာ မဟာမုနိ၊ ဒုတိယသွန်းလုပ်သော မုနိမှာ ရှင်ကျော်မုနိ၊ တတိယသွန်းလုပ်သော မုနိမှာ ရွှေဘုံသာမုနိနှင့် စတုတ္ထသွန်းလုပ်သော မုနိမှာ မာရ်အောင်မြင်မုနိဘုရားတို့ဖြစ်ကြသည်။ ထိုမုနိလေးဆူတို့သည် အစဉ်အတိုင်း ဂုဏ်တော်ငယ်ကြပြီး တင်ပျဉ်ခွေပုံတော်ရတနာကြေးဆင်းတုတော်များသာဖြစ်ကြသည်။

စန္ဒသူရိယမင်း နတ်ရွာစံပြီးသည်အထိ ရခိုင်ဓညဝတီမင်းအဆက်ဆက်တို့သည် ဘုရားလေးဆူအား ရှေးမူမပျက် ပူဇော်ကိုးကွယ်ခဲ့ကြလေသည်။

ဇလွန်မြို့သည် ဧရာဝတီတိုင်းဒေသကြီးတွင် ပါဝင်သောမြို့တစ်မြို့ဖြစ်သည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ရန်ကုန်မြို့မှ မိုင်ရှစ်ဆယ်ကွာဝေးပြီး မော်တော်ယာဉ်များဖြင့် အလွယ်တကူ သွားလာနိုင်ပေသည်။ ဟင်္သာတမြို့မှ ၁၆ မိုင်သာ ကွာဝေးသည်။ ဇလွန်မြို့ကို မော်တော်ကားများ၊ ရေယာဉ်များဖြင့် အလွယ်တကူ သွားလာနိုင်ပေသည်။

ဇလွန်မြို့သည် ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက် ပုသိမ် ၃၂ မြို့နယ် စာရင်းဝင်မြို့တစ်မြို့ဖြစ်သည်။ ထိုစဉ်က ကျိုက်မတော်သမန္တပူရဇရွန်၊ ဇလွန်ဟူ၍ ဖော်ပြပါရှိခဲ့သည်။ ဇလွန်မြို့တွင် မာရ်အောင်မြင် ခေါ် ပြည်တော်ပြန်ဘုရားကြီးမှာ အထူးထင်ရှားသည်။ ၁၈၃၈ ခုနှစ်တွင် မြို့သူကြီးဦးရွှေပွင့်က အများပြည်သူကြည်ညိုကိုးကွယ်စေနိုင်သောငှာ ကြေးဆင်းတုတော်ကြီးတစ်ဆူကို သွန်းလုပ်လှူဒါန်းခဲ့သည်။ ထိုကြေးဆင်းတုတော်ကြီးကို ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယကမ္ဘာစစ်ပွဲအပြီးတွင် အင်္ဂလိပ်စစ်တပ်က သင်္ဘောဖြင့် သယ်ဆောင်သွားခဲ့သည်။ သို့သော် ၁၈၅၃ ခုနှစ်တွင် ကြေးဆင်းတုတော်ကြီးကို ဇလွန်မြို့သို့ ပြန်လည်ပို့ဆောင်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ ပြည်တော်ပြန်ဘုရားကြီးဟု ကျော်ကြားခဲ့သည်။

ကုန်းဘောင်မင်း ၁၁ ပါးရှိရာ ကိုးဆက်မြောက်၊ သက္ကရာဇ် ၁၂၀၈ ခုနှစ်မှ ၁၂၁၄ ခုနှစ်အထိ အမရပူရကို အုပ်ချုပ်တော်မူသော ပုဂံမင်းလက်ထက်တွင် ပုဂံမင်းက အတွင်းဝန်သတိုးမင်းကြီး မဟာမင်းလှအနော်ရထာအား ဇလွန်မြို့ကို အပိုင်စားပေးခဲ့သည်။ ထိုမြို့သူကြီးက ဦးရွှေပွင့်အား မြို့သူကြီးခန့်ထား၍ ဇလွန်မြို့ကို အုပ်ချုပ်စေခဲ့သည်။ ဦးရွှေပွင့်သည် အမရပူရနေပြည်တော်သို့ သွားရောက်၍ အခွန်အကောက်များကို ဆက်သရင်း နန်းဦးတွင် ကိုးကွယ်ထားသော မာရ်အောင်မြင်ဘုရားကြီးအား ဦးရွှေပွင့် ဖူးခွင့်ကြုံခဲ့ရသည်။ ဦးရွှေပွင့်သည် ဇလွန်မြို့တွင်လည်း မာရ်အောင်မြင်ဘုရားကြီးကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ပူဇော်လိုသော ဆန္ဒရှိရာ ပုဂံမင်းတရားကြီးထံ ထိုအကြောင်းကို လျှောက်ထားခဲ့သည်။ အမိန့်တော်ရရှိသည့်အခါ ဇလွန်မြို့နယ်အတွင်းမှ ပြည်သူပြည်သားများ လှူဒါန်းခဲ့သော ရတနာမြတ် ပိဿာချိန် ၁၅၀၀ မျှကို တစ်ပေါင်းတည်း စုဆောင်းပြီး အမရပူရသို့ သွားရောက်သွန်းလုပ် ပူဇော်ခွင့်ရတော့သည်။

### ဖိုလေးလုံးဆိုင်၍ ပြိုင်ထိုးကြသော်လည်း အရည်မပျော်

သွန်းလုပ်ပြီးစီးခွင့်မရမီ နန်းဦးတွင် ကိုးကွယ်ထားသည့် နန်းဦးဘုရားကို ခေတ္တပင့်ဆောင်၍ ဇလွန်မြို့တွင် ပူဇော်ခံပြီး သွန်းလုပ်ပြီးစီးသည့်ဘုရားကို လာရောက်ပင့်ဆောင်ရင်း နန်းဦးဘုရားကိုပါ ပြန်လည်ပို့ဆောင်ပေးမည်ဟု ကတိစကားလျှောက်ထားရာ မိဖုရားကြီး၊ မယ်တော်ကြီးနှင့် အတွင်းဝန်မင်းတို့က နန်းဦးဘုရားအား ဇလွန်မြို့သို့ ပင့်ဆောင်ခွင့်ပြုတော်မူခဲ့သည်။ သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ပြည်နှင့်တောင်ငူ အောက်မြန်မာနိုင်ငံတစ်ဝန်းလုံးကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းယူခဲ့သည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံအတွင်းရှိ ကြေးဆင်းတုတော် မြောက်မြားစွာနှင့် ကြေးအိုးကြေးခွက်ပစ္စည်းပေါင်းများစွာကို သိမ်းကျုံးယူငင်သွားသည်။ အင်္ဂလိပ်စစ်ဗိုလ် ဆာဂျွန်ဆပ်က သက္ကရာဇ် ၁၂၁၇ ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရားဆင်းတုတော်ကြီးအား ရွှေချိန်အမည်ရှိ သင်္ဘောကြီးဖြင့် အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့သည်။ မင်းတုန်းမင်းသည် နန်းဦးမြတ်စွာဘုရား အိန္ဒိယပြည်သို့ ပါသွားကြောင်း သိရသဖြင့် ဦးရွှေပွင့်သွန်းလုပ်ထားခဲ့သော ကြေးဆင်းတုတော်ကြီးကို နန်းဦးဘုရားပလ္လင်ပေါ်သို့ ပင့်တင်ကိုးကွယ်တော် မူလေသည်။ ဘုံဘေမြို့သို့ ရောက်ရှိနေတော်မူကြကုန်သော ကြေးဆင်းတုတော်ပေါင်းများစွာကို ဂိုဒေါင်ကြီးထဲတွင် စုပုံထားခဲ့ပြီး ကြေးပိုက်ဆံနှင့် ဗုံးဆန်အမြောက်အမြားလုပ်ကြသည်၊ ကျိုကြသည်၊ ကြေးဆင်းတုတော်ကြီးများကို ဖိုကျင်ထိုးအရည်ကျိုကြသည်၊ မာရ်အောင်မြင် မြတ်စွာဘုရားမှာမူ ဖိုလေးလုံးဆိုင်၍ ပြိုင်ထိုးကြသော်လည်း အရည်မပျော်။ တူနှင့်ထုသော်လည်း လုံးဝအရာမထင်။ မူလပကတိအတိုင်းရှိလေသည်။ ထိုအချိန်တွင် မိုးမှောင်ကြီးကျ၍ ခတ်တော်များလည်း ကွန့်မြူးကာ ရောင်ခြည်တော် လွှတ်တော်မူလေသည်။

စာမျက်နှာ ၂၇ သို့ ✪

# သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၂၂**

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် မင်္ဂလာဒုံလေဆိပ်၌ MAI လေကြောင်း ခရီးစဉ်အမှတ် 8M–335 ဖြင့် ရန်ကုန်လေဆိပ်မှ ထိုင်းနိုင်ငံ၊ သုဝဏ္ဏဘူမိလေဆိပ်သို့ လိုက်ပါမည့် မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသားခံယူထားသည့် Mr.Alfred Soe Chan Kyi(ခ) ဇဏ်ခီ၊ ဇနီးဖြစ်သူ ခင်ဝတ်မှုန်ဦး(ခ) ခရစ္စတီးနားခီ၊ သားဖြစ်သူ Mr.Noah Lynn Htet Kyi နှင့် မလဗျဂျာဆိုင်းနန် (အိမ်အကူ)တို့ ၄ ဦးအား စိစစ်နိုင်ရန်အတွက် ၎င်းတို့လိုက်ပါမည့်ခရီးစဉ်အား ခေတ္တတားမြစ်ထားရှိခဲ့ပါသည်။

၎င်းတို့နှင့်ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ်နိုင်ရန်အတွက် ဧပြီလ ၁၇ ရက်နေ့တွင် ၎င်းမိသားစုနေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဟံသာဝတီ(၂၂)လမ်း၊ အမှတ်(၁၂၆၆)၊ 3A ကွန်ဒိုတွင်ပင် ပြန်လည်နေထိုင်စေလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**



Mr.Alfred Soe Chan Kyi(ခ) ဇဏ်ခီ



ခင်ဝတ်မှုန်ဦး(ခ) ခရစ္စတီးနားခီ



မလဗျဂျာဆိုင်းနန်



Mr.Noah Lynn Htet Kyi

❖ **ကျောဖုံးမှ**

အဆိုပါ သခွပ်တံတားသည် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်နှင့်ကော့မှူးမြို့နယ်တို့အား ဆက်သွယ်ပေးထားပြီး ဒလ–သခွပ်–လက်ခုပ်ကုန်း–ကညင်ကုန်းလမ်းပိုင်းပေါ်တွင် တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

သခွပ်တံတားသည် အရှည် ၁၅၀ ဒသမ ၈၆ မီတာ(၄၉၅ ပေ)၊ ရေလမ်းကင်းလွတ်အမြင့်နှစ်မီတာ၊ ရေလမ်းကင်းလွတ်အကျယ် (၂၉ ဒသမ ၂၆ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၁ မီတာ(၂၄ ပေ)၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၁ ဒသမ ၀၆ မီတာ(၃ ပေ၊ ၆ လက်မ)ရှိပြီး တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ခန့်မှန်းစီမံကိန်းတန်ဖိုးငွေ ကျပ်သန်းပေါင်း၂၅၀၃ သန်းဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ကြောင်း သိရသည်။

သခွပ်တံတားသစ်အား မူလတံတားဟောင်း၏ ဘေးတွင် တည်ဆောက်နေခြင်းဖြစ်သည်။

**မောင်ယဉ်ဦး(ဒလ)**

## ဥပဒေနှင့်မညီသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ လိုင်စင်ပယ်ဖျက်သွားမည်

**နေပြည်တော် မေ ၂၂**

မိုးကုတ်မြို့ ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်မညီဘဲ CDM ပြုလုပ်လျက်ရှိသည့် ဒေါက်တာ အာကာသစ်ထွန်း(လက်ထောက်ဆရာဝန်)သည် ပြင်ပပုဂ္ဂလိကဆေးရုံဖြစ်သည့် သမားတော်ဆေးခန်း၌လည်းကောင်း၊ ဒေါက်တာယုမောင်(လက်ထောက်ဆရာဝန်)သည် စွမ်းအားသစ်ဆေးခန်း၌လည်းကောင်း၊ ဒေါက်တာကျော်သူရ(လက်ထောက်ဆရာဝန်)သည် ကျပ်ပြင်ရှိ ပုဂ္ဂလိက(အမည်မရှိ)ဆေးခန်းတစ်ခု၌လည်းကောင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာသဲဝါလင်း (လက်ထောက်ဆရာဝန်)သည် အဓိပတိဆေးခန်း၌လည်းကောင်း ဆေးကုသမှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ တာဝန်နှင့်ကျင့်ဝတ်များကို လျစ်လျူရှုပြီး CDM ပြုလုပ်နေသည့် ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅–က ဖြင့် အရေးယူသည့်အပြင် ၎င်းတို့အား လက်ခံ၍ ဆေးကုသခွင့်ပေးနေ သော သမားတော်ဆေးခန်း၊ စွမ်းအားသစ်ဆေးခန်း၊ ကျပ်ပြင်ရှိ ပုဂ္ဂလိက (အမည်မရှိ)ဆေးခန်းနှင့် အဓိပတိဆေးခန်းတို့အား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

❂ **စာမျက်နှာ ၂၅ မှ**

### အိပ်မက်ဆိုးများ မြင်မက်

ဘုရားအား ဖျက်ဆီးကြသူ ၆၄ ယောက်မှာ တစ်ပြိုင်နက် သွေးအန်ခြင်း၊ ဝမ်းလျှောခြင်း ရောဂါများဖြင့် သေဆုံးခဲ့ကြလေသည်။ အင်္ဂလန်ပြည် ဝိတိုရိယဘုရင်မကြီးသည် အိန္ဒိယပြည် ဒေလီမြို့တွင် ခေတ္တလာရောက်စံမြန်းနေစဉ် ဘုရင်မကြီးမှာ ဦးခေါင်းအပြင်းအထန် ကိုက်ခဲခြင်းဝေဒနာကို ခံစားရသည့်အတွက် သမားတော်ကြီးများ၊ ဆရာဝန်များနှင့် ကုသသော်လည်း ဒုက္ခဝေဒနာ ပျောက်ကင်းမှု မရှိပေ။ တစ်ညတွင် ဝိတိုရိယဘုရင်မကြီးသည် ထူးခြားသောအိပ်မက်ကို မက်လေသည်။ ဘုရင်မကြီးခေါင်းကိုက်ဝေဒနာ ပျောက်ကင်းလိုပါက မြန်မာပြည်မှ သယ်ဆောင်လာသော မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်ကြီးအား နေရင်းဒေသသို့ မရောက်ရောက်အောင် ပြန်ပို့ပေးရမည်၊ ပြန်မပို့ပါက ဘုရင်မကြီး၏ အသက်အန္တရာယ်၊ တိုင်းပြည်မြို့ရွာများ အန္တရာယ်ကြီးစွာဖြစ်မည်၊ ဗုဒ္ဓမြတ်စွာဘုရားကို ဖျက်ဆီးသော တိုင်းနိုင်ငံသည်လည်း ကပ်ကြီးဆိုက်ရောက်၍ သေကျေပျက်စီးဆုံးရှုံးမည်စသည့် အိပ်မက်ဆိုးများ မြင်မက်လေသည်။ ဘုရင်မကြီးသည် မှူးမတ်များအား ချက်ချင်းခေါ်၍သွားရာ မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်ကြီးကို ဂိုဒေါင်အတွင်း ရောင်ခြည်တော်ကွန့်မြူးတောက်ပလျက်ရှိသည်ကို ထူးကဲစွာ တွေ့မြင်ခဲ့ရလေသည်။ ဘုရင်မကြီးသည် မာရ်အောင်မြင်ဘုရားအား နေရင်းဒေသသို့အမြန်သွား၍ ပို့ဆောင်စေဟု အမိန့်ချမှတ်လေသည်။ ထိုအချိန်အခါသမယမှစ၍ ဝိတိုရိယဘုရင်မကြီး လည်း ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းခဲ့ရလေသည်။

### ပေါ်တော်မူဘုရား

ဝိတိုရိယဘုရင်မကြီး၏ အမိန့်အတိုင်း သက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရားအား နေရင်းဒေသသို့ ပြန်လည်ပို့ဆောင်တော်မူကြသည်။ ဇလွန်မြို့ကို ကျော်လွန်၍ မြို့မှားပြီး ဟင်္သာတမြို့အနီး သဲသောင်စပ်တွင် ထားခဲ့ကြသည်။ ရေလုပ်သားများတွေ့ရှိသဖြင့် ဟင်္သာတမြို့သူ မြို့သား၊ နယ်သူနယ်သားများ လာရောက်ဖူးမြော်ကြသည်။ ထိုအချိန်မှစ၍ မာရ်အောင်မြင် ဘွဲ့အမည်ပျောက်၍ ပေါ်တော်မူဘုရား ဘွဲ့အမည်ကို ရောက်ခဲ့ရပြန်သည်။ ဇလွန်မြို့ပိုင်မင်း၊ ဟင်္သာတအရေးပိုင်မင်းနှင့် ဆရာတော်ဦးဖြူနှင့် ကြေးကန်ဆရာတော်ဘုရားတို့ တိုင်ပင်ညှိနှိုင်းကြရာ ဆရာတော်ဦးဖြူက မာရ်အောင်မြင်ဘုရား၏ ဓမ္မခဏ်တော်မှာ စာပါသောကြောင့် သိနိုင်ကြောင်း လျှောက်ထား၍ ဆရာတော် ဦးဖြူက အလွတ်ပြန်ဆိုပြသော ဂါထာတော်သည် ကူးယူထားသော ဂါထာနှင့် တူညီနေသဖြင့် ဘုရားမှာ ဇလွန်မြို့မှ မာရ်အောင်မြင်ဘုရားဖြစ်နေသည်ကို မငြင်းသာတော့ချေ။

ဟင်္သာတမြို့သူမြို့သားများနှင့် ဇလွန်မြို့သူမြို့သားများအား ဖောင်တော်ကြီးတစ်ခုကို အရေးပိုင်မင်းက ကြားဝင်စေ့စပ်ပေးပြီး အမြန်ပြုလုပ်ပေးကာ ဆင်းတုတော်မြတ်အား ထိုဖောင်တော်ပေါ်သို့ ပင့်ဆောင်စေပြီး ဆရာတော်ဦးဖြူနှင့် အရေးပိုင်မင်းတို့ပါ ဖောင်တော်တွင် နေကြသည်။ ဆရာတော်ဦးဖြူသည် ဖောင်တော်တွင်နေရင်း ဟင်္သာတမြို့ဘက်မှ လှေအစင်းများပြီး ဇလွန်ဘက်မှ လှေအစင်းနည်းသော်ငြားလည်း ဇလွန်မြို့မှ ဘုရားလည်း အစစ်အမှန်ဖြစ်၍ မြတ်စွာဘုရားပျော်မွေ့ရာ ဘူမိနက်သန်ဇလွန်မြေသို့သာ ကြွတော်မူရန်နှင့် မြတ်စွာဘုရား နှစ်လိုဖွယ်ရှိသောအရပ်တွင် ကိန်းဝပ်တော်မူနိုင်ရေးအတွက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်တော်မူပါရန် တိုင်တည်အဓိဋ္ဌာန်ပြုခဲ့လေသည်။

ဇလွန်မှ လှေ ၁၂ စင်း၊ ဟင်္သာတမြို့မှ လှေ ၃၈ စင်းတို့ဖြင့် ဇလွန်လှေတို့သည် ဇလွန်ဘက်သို့လည်းကောင်း၊ ဟင်္သာတမှ လှေတို့သည် ဟင်္သာတဘက်သို့လည်းကောင်း ဆွဲကြရာ ဇလွန်ဘက်သို့ ပါတော်မူလေသည်။ ဟင်္သာတဘက်မှသူများက ရေစုန်ဖြစ်၍ ဇလွန်ဘက်သို့ပါသည်ဆိုပြီး မကျေမနပ်ပြောဆိုကြရာ ဇလွန်လှေတို့သည် ဟင်္သာတဘက်သို့လည်းကောင်း၊ ဟင်္သာတလှေတို့သည် ဇလွန်ဘက်သို့လည်းကောင်း ပြောင်းခဲ့ပြီး အပြန်အလှန် ဆွဲကြပြန်ရာ ဇလွန်လှေများဘက်သို့သာ ပါတော်မူခဲ့သည်။ ထိုကဲ့သို့ အနိုင်ရရှိသဖြင့် မာရ်အောင်မြင်မြတ်စွာဘုရားကြီးအား မူလကိန်းဝပ်စံပယ်တော်မူရာ ဇလွန်မြို့သို့ ပြန်လည်ပင့်ဆောင်တော်မူခဲ့ရသည်။ ထိုအခါမှစ၍ ရေခြားမြေခြား တိုင်းတစ်ပါးမှ မိမိကိန်းဝပ်စံပယ်တော်မူရာ နေရင်းဒေသသို့ ပြန်လည်ကြွလာတော်မူသည်ကို အစွဲအမှတ်ပြု၍ မာရ်အောင်မြင် ဘွဲ့အမည်မှသည် ပြည်တော်ပြန်မြတ်စွာဘုရားဟု ယနေ့တိုင် ဘွဲ့အမည်ထင်ရှားကျော်ကြားလျက်နေတော်မူလေသည်။

### ရောင်တော်ဖွင့်ခြင်း ကုသိုလ်ကောင်းမှု


မြတ်စွာဘုရားကြီးအား ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဂေါပကအဖွဲ့ဖြင့် စနစ်တကျ စီမံဆောင်ရွက်၍ ဘုရားပွဲတော်များ သာသနာတော်စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ ဘုရားကြီးတွင် ဘဒ္ဒန္တနန္ဒိယ၊ ချောင်းကြီးကျောင်းဆရာတော်ဥက္ကဋ္ဌနှင့် ဘဒ္ဒန္တစိန္တိတ၊ မြို့မောင်းထောင်ကျောင်းဆရာတော် အတွင်းရေးမှူးနှင့် ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါးရှိလေသည်။ ဘုရားကြီးအား မျက်နှာတော်သစ်ခြင်းနှင့် ရောင်တော်ဖွင့်ခြင်းကို ၁၃၅၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့ နံနက် ၄ နာရီမှစတင်၍ ဘုရားကြီးအား မျက်နှာတော်သစ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း ကုသိုလ်ကောင်းမှုကို နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။ ရောင်တော်ဖွင့် ကုသိုလ်ကောင်းမှုကို ဇလွန်မြို့ပေါ်မှာ ဂန္ဓရုံကျောင်းဆရာတော် ဦးကောသလ္လ၊အင်္ဂပိုလ်ကျောင်းဆရာတော် ဦးဝါယမိန္ဒ၊ သိစေရုံကျောင်းဆရာတော် ဦးအာစိဏ္ဏယနှင့်မင်းကွန်းကျောင်းဆရာတော် ဦးဇေနေယျတို့က တာဝန်ရှိ ဂေါပကအဖွဲ့ဝင်များ၊ ပရိတ်တော်အဖွဲ့ဝင်များနှင့် အတူ အလှည့်ကျ နေ့စဉ်ရွှေဖလား၊ ရွှေသပိတ်၊ ရွှေလင်ပန်း၊ ရွှေကလပ်၊ ရွှေတံပူတို့ကို ကျပ်သိန်းပေါင်း ၁၆၀ ခန့်ဖြင့် ၁–၁၀–၁၉၉၆ ရက်နေ့မှစ၍ အလှူခံကာ ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပကြသည်။ မြို့၏ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးကိုလည်း တည်ပြီးဖြစ်ရာ လွန်စွာခမ်းနားလှကြောင်း တွေ့မြင်ရပေသည်။ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးတွင် အံ့ဩကြည်ညိုဖွယ်ရာ တန်ခိုးတော်များ ရှိလေသည်။ အင်္ဂလိပ်နယ်ချဲ့တို့က ဇလွန်မြို့မှ အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်သွားပြီး ထုရိုက်ခြင်း၊ အရည်ကျိုခြင်း ပြုလုပ်ရာတွင် လုံးဝဖျက်ဆီး၍မရပေ။ ၁၂၈၀ ပြည့်နှစ်အတွင်း ကမ်းနားယာယီစံကျောင်းတော်၌ သီတင်းသုံးနေစဉ် ရေကြီးခြင်းဘေးနှင့် ကြုံရသော်လည်း မာရ်အောင်မြင် ဆင်းတုတော်ကြီးမှာ ရေကန်တော့ထိုးနေခဲ့သည်။ အခြားဆင်းတုတော်များ ရေမြုပ်နေခဲ့သည်။ မြန်မာပြည်သို့ ပြန်ပို့ခဲ့ရသည်မှာ ဘုရားကြီး၏ အံ့ဩကြည်ညိုဖွယ်ရာ တန်ခိုးတော်ဖြစ်ကြောင်း ထင်ရှားပေသည်။

ကမ်းနားရပ်ကွက် မီးဘေးအန္တရာယ် ကြုံတွေ့စဉ် ဘုရားကြီးမှာ မီးမခြင်း၊ မီးကွင်းခဲ့ခြင်းများ ဖြစ်ခဲ့သည်။ ၁၃၃၆ ခုနှစ် တပို့တွဲလဆန်း ၂ ရက်နေ့ ညနေ ၅ နာရီခန့်အချိန်မှစ၍ ၁၇ ရက်တိုင်တိုင် ရောင်ခြည်တော်ကွန့်မြူးခဲ့ခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဇလွန်မြို့တွင်း ဗုံးဆန်၊ အမြောက်ဆန်များ ကျရောက်ခဲ့သော်လည်း ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ လုံးဝထိမှန်မှုမရှိခဲ့ချေ။ မျက်နှာတော်မှာ အမြဲပြုံးရွှင်ကြည်လင်နေပြီး ဘေးရန်အန္တရာယ်တစ်ခုခု ကျရောက်မည့်အခါတွင် မျက်နှာတော် မရွှင်မကြည်လင်ခြင်း၊ ဆုတောင်းပြည့်လွန်း၍ မြန်မာမင်းများကိုးကွယ်စဉ်ကာလက မင်းညီမင်းသားများ မဖူးမြော်ရန် ပိတ်ပင်ထားခြင်း၊ ဓမ္မစက်ဂါထာတော်မှာ ဘေးဥပဒ်မှန်သမျှ ကင်းဝေးကြောင်း၊ ရွတ်ဖတ်ပူဇော်သူမှန်သမျှ ဘေးဥပဒ် ကင်းဝေးကြောင်းများသည် မြတ်စွာဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များပင် ဖြစ်ပါသည်။ ထိုကဲ့သို့ အံ့ဩကြည်ညိုဖွယ်ရာ တန်ခိုးတော်များနှင့် ပြည့်စုံတော်မူသော မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား သွားရောက်ဘုရားဖူးမြော်စေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သင်္ဃ၊ ဘုရားဒါယကာ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၃၃၇၅၆၀၃၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၇၆ ၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ဆော့အေး ၀၉-၆၅၀၁၉၉၉၉၅၊ ၀၄၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၁၅၄၈၊ ၀၉-၂၅၅၈၂၅၂၈၆

အလှူငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်၊
  ဖုန်း - ၀၉ - ၄၃၀၁၃၉၁၆၂၊ ၀၉ - ၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၂၀၁၁၄၀၀၅၊ ၀၉ - ၄၃၀၃၆၀၃၀၊
  ၀၉ - ၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၅၁၆၆၅၄၃၊ ၀၉ - ၄၅၀၀၂၅၁၄၅၊
  ၀၉ - ၄၂၀၁၃၆၉၆၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း - ၀၉ - ၂၀၅၁၆၈၃၊ ၀၉ - ၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း - ၀၉ - ၂၅၄၄၃၆၆၃၀၊ ၀၉ - ၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း - ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း - ၀၉ - ၆၈၇၉၀၂၇၁၇၊ ၀၉ - ၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း - ၀၉ - ၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း - ၀၉ - ၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း - ၀၉ - ၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း - ၀၉ - ၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း - ၀၉ - ၂၅၉၀၈၅၈၅
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း - ၀၉ - ၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း - ၀၉ - ၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ

# ဒလနှင့် ကော့မှူးမြို့နယ်တို့ကို ဆက်သွယ်သည့် သခွပ်တံတား တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီး

ရန်ကုန် မေ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနုတ်စံပြကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသည့် သခွပ်တံတား တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖



## ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ မပျက်မကွက်ဝင်ရောက်ရန် အသိပေး

နေပြည်တော် မေ ၂၂

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ သင်ကြားရေး ဆရာ/ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများ အားလုံးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ မေ ၃ ရက် တနင်္လာနေ့ နောက်ဆုံးထား၍ မပျက်မကွက်(**မပျက်မကွက်**)ဝင်ရောက်ကြရန် ပညာရေးဝန်ကြီးဌာနက အသိပေးထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# မြောက်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း



မြောက်ဦး မေ ၂၂

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ နွေရာသီပူပြင်းခြောက်သွေ့သောကာလသို့ ရောက်ရှိချိန်မှစ၍ ရေတွင်း၊ ရေကန်များခန်းခြောက်ပြီး သောက်သုံးရေများ ပြတ်လပ်မှုဖြစ်ပေါ်နေသဖြင့် ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေပြတ်လပ်သော ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများတွင် နှစ်စဉ်ပူအိုက်လင်းရာသီဖြစ်သည့် မတ်လမှ မေလအထိ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲများ ကြုံတွေ့ရလေ့ရှိပြီး ယခုနှစ်တွင်လည်း သောက်သုံးရေအတွက် အားထားရသော မြေသားရေလှောင်ကန်များ၌ ဆောလျင်စွာ ရေခန်းခြောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း ကျေးလက်နေပြည်သူများ၏ ပြောကြားချက်အရ သိရသည်။ ဆက်လက်ပြီး မြောက်ဦးမြို့နယ်အတွင်း သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသော ပုဇွန်ဖေကျေးရွာ၊ တိန်ညိုကျေးရွာရှိ တိုက်ပွဲရှောင်စခန်းများနှင့် မြို့ပေါ်ရပ်ကွက်များရှိ တိုက်ပွဲရှောင်စခန်းများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ခင်မောင်ထွန်း(ပြန်/ဆက်)**

# မန်စီးတီးအသင်းက အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ၁၁ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့

အက်စ်တွန်ဗီလာအသင်းနဲ့ မန်စီးတီးအသင်းတို့ ဧပြီ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၃)မှာ မန်စီးတီးအသင်းက အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာမှ မန်ယူအသင်းကို ၁၁ မှတ်ဖြတ်ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အက်စ်တွန်ဗီလာအသင်းဟာ ပွဲစပြီး တစ်မိနစ်မှာပဲ မက်ဂင်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ မန်စီးတီးအသင်းကတော့ ပွဲကစားချိန် ၂၂ မိနစ်မှာ ရရှိခဲ့တဲ့ ဖီးလ်ဖိုဒန်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ချေပဂိုးရရှိပြီးနောက် ပွဲကစားချိန် မိနစ် ၄၀ မှာ ရိုဒရီရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်ရဲ့ ပွဲကစားချိန် ၄၄ မိနစ်မှာ **စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ○**




## ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာ့တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သော ချင်းတိုင်းရင်းသား ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း**

စာမျက်နှာ » ၈

**မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်က နိုင်ငံရေးသံဝေဂယူစရာ ပါလီမန်ဒီမိုကရေစီပါတီ**

စာမျက်နှာ » ၁၅

**မတရားအသင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က တရားမဝင် စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထား**

စာမျက်နှာ » ၂၄